# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၄၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၉-၂၀၁၆ ] ( အင်္ဂါနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါ်စန်းစန်းအိ၊ မိုးညှင်း မဲဆန္ဒနယ်၏ **မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ် လယ်စိုက်ပျိုး စရိတ်ထုတ်ပေးရာတွင် ကန့်သတ်ခံထားရသော လယ်သမား(၁၂)ဦး အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ် အောက်ပိုင်း ပိန္နဲချောင်း- ကြောင်စွယ်ဖြူ ရွာချင်းဆက် ကမ်းခြေ လမ်းမကြီးအား ကတ္တရာလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **ဝက်လက်မြို့နယ်ရှိ စိုင်နိုင်ကွေ့– မင်းကျီ– ကျောက်တိုင်– မြင်းသီ– ကွန်ဆိပ်ကျေးရွာလမ်းအား ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က တင်သွင်းသည့် **“မိမိနိုင်ငံအတွင်း အလုပ်အကိုင် ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ နိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံး ထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးသောင်းဌွေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

(ဂ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

(ဃ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(င) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(စ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၊

(ဆ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဇ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

(ည) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဋ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဌ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဍ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

(ဎ) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၊

(ဏ) ဗိုလ်မှူးတင်အောင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(တ) ဗိုလ်မှူးဟိန်းမင်းထက်၊ တပ်မတော်သားကိုယ်စားလှယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၄၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးပိုက်ကို(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးပိုက်ကို၊ ပခုက္ကူမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၂ ရက်၊

(၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၄ ရက်၊

(၃) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၄ ရက်၊

(၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၂ ရက်၊

(၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျူး ခွင့် ၁ ရက်၊

(၇) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၈) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်နှင့်

(၁၂) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ် လယ်စိုက်ပျိုးစရိတ်ထုတ်ပေးရာတွင် ကန့်သတ်ခံထားရသော လယ်သမား(၁၂)ဦးအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်စန်းစန်းအိ(မိုးညှင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင့်။ ကျွန်မ ကတော့ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့မေးမယ့်မေးခွန်းက တောင်သူ လယ်သမားတွေ ပထမဦးဆုံးအချိန် မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးတဲ့အချိန်မှာ အဲဒီလယ်သမားတွေ ကန့်သတ်ခံရလို့ လယ်စရိတ်မထုတ်ပေးခံရခြင်းကို မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မိုးညှင်းမြို့နယ်ဟာဆိုရင် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်တဲ့ ကချင်ပြည်နယ်၊ စပါးကျီမြို့လည်း ဖြစ်သလို ကျောက်မျက်တွေထွက်ရှိတဲ့ စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့နယ်၊ ဖားကန့် မြို့နယ် တို့နှင့် လည်း နယ်နိမိတ်ချင်း ထိစပ်နေတဲ့မြို့ဖြစ်ပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံရဲ့ အကြီးဆုံး ရေချို အိုင်ဖြစ်တဲ့ အင်းတော်ကြီး အိုင်တည်ရှိတဲ့မြို့နယ်လည်း ဖြစ်ပါတယ်။ ကျောက်မျက် တူးဖော်တဲ့ အဲဒီ ကုမ္ပဏီတွေကို လုပ်ကွက်တွေချပေးတဲ့အခါမှာ စိုက်ပျိုးရေးလုပ်ငန်းမလုပ်မနေရ ဆိုတဲ့စနစ် ပါတဲ့အတွက်ကြောင့်မိုလို့ ၁၉၉၆ ခုနှစ်၊ ၁၉၉၇ ခုနှစ်တွေမှာ ကုမ္ပဏီတော်တော်များများကို သူတို့ နယ်မြေတွေနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ မိုးညှင်းမြို့နယ်ရဲ့ အင်းတော်ကြီးဒေသထဲမှာရှိနေတဲ့ မြေလွတ်၊ မြေရိုင်း တွေ ကို လယ်ယာမြေဖော်ထုတ်ဖို့ဆိုပြီးတော့မှ ကုမ္ပဏီတော်တော်များများကို လုပ်ပိုင်ခွင့်တွေ၊ လုပ်ကွက်တွေ ချပေးခဲ့ပါတယ်။ အဲဒီလိုချပေးခဲ့ပေမယ်လို့လည်း တချို့ကုမ္ပဏီတွေကတော့ ဒီစည်းကမ်းချက်တွေ အတိုင်းပဲ မြေယာတွေ ဖော်ထုတ်တယ်။ တချို့လည်းအပြည့်အဝဖော်ထုတ်နိုင်တယ်။ တချို့ကျတော့

လည်း ဖော်ထုတ်နိုင်မှုကို စည်းကမ်းချက်တွေအတိုင်း မလုပ်ပေးနိုင်ပါဘူး။ ဒါပေမဲ့လို့ ၂၀၁၂ ခုနှစ်မှာ လယ်ယာမြေဥပဒေတွေအရ ဒေသခံတောင်သူလယ်သမားတွေကနေ သူတို့ရဲ့ လယ်ယာမြေတွေကို လုပ်ကိုင်ခွင့်လျှောက်ဖို့ရာအတွက်ကို၊ ပုံစံ(၇) လျှောက်ဖို့ရာအတွက် သူတို့လုပ်ကိုင်ခဲ့ကြတဲ့အချိန်မှာ အဲဒီကုမ္ပဏီတွေနဲ့ ပြဿနာတော်တော်များများဖြစ်ပြီးတော့မှ အဲဒီ ပုံစံ(၇) ကန့်ကွက်ခြင်းတွေကြောင့်သော်လည်းကောင်း၊ စိုက်ပျိုးထားတဲ့လယ်ယာမြေတွေကို ဖျက်ဆီးခြင်းကြောင့်သော်လည်း ကောင်း၊ လယ်ယာမြေပြဿနာအမှုအခင်းတွေ အများကြီးရှိဖြစ်ခဲ့ကြပါတယ်။

အခု ၂၀၁၆ ခုနှစ်မှာတော့ လုံးစန့်ဒေသမှာရှိနေတဲ့ မြသီဂီကုမ္ပဏီကနေ သူတို့ လုပ်ကွက်တွေ လုပ်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီဒေသမှာလုပ်နေတဲ့ လယ်သမား ၁၂ ဦးကို လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ကိုလည်း မထုတ်ပေးပါနဲ့။ ထုတ်ထားပြီးသားတွေဖြစ်နေတယ်ဆိုလို့ရှိရင်လည်း ပြန်လည်သိမ်းဆည်းပါ။ ပြီးတော့မှ စိုက်ပျိုးစရိတ်တွေလည်း မထုတ်ပေးပါနဲ့လို့ဆိုပြီးတော့ ကန့်သတ်ထားတဲ့အတွက်ကြောင့်မို့လို့ အခု ဒီနှစ် အဲဒီတောင်သူလယ်သမား ၁၂ ဦးက အခုအချိန်ထိ ရရှိခြင်း မရှိပါဘူးရှင့်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ မေးချင်တာကတော့ ကျွန်မတို့ရဲ့ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှာ အဲဒီလယ်ယာမြေလုပ်ပိုင်ခွင့်တွေ ပုံစံ(၇) ရရှိထားပေမယ့်လို့လည်း စိုက်ပျိုးစရိတ်တွေမရရှိသေးတဲ့ လယ်သမားများအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ဆိုတာနဲ့ အဲဒီ လယ်ယာမြေတွေကို လုပ်ပိုင်ခွင့်ရရှိနိုင်ဖို့အတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမယ်ဆိုတဲ့အကြောင်း သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိရဲ့ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှာ လယ်ယာမြေ

လုပ်ပိုင်ခွင့် ပုံစံ(၇) လက်ဝယ်ရရှိထားပြီး ယခုနှစ် လယ်ယာစိုက်ပျိုးစရိတ်ထုတ်ပေးတဲ့နေရာမှာ ကန့်သတ်ခံထားရတဲ့ လယ်သမား ၁၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ အဆိုမြေနေရာဟာ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးစန့်ကျေးရွာအုပ်စု ကွင်းအမှတ်(OSS) နောင်ချိုကွင်း၊ ဦးပိုင်(N-1) ဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ၉-၁၀-၁၉၉၇ ရက်စွဲပါစာအမှတ်၊ ၁၁၁၀/ ၈မယ(ဖ)(၁၁) အရ မြသိင်္ဂီကုမ္ပဏီအမည်ဖြင့် နှစ် ၃၀ လုပ်ပိုင်ခွင့်ရရှိထားတဲ့ မြေလွတ်၊ မြေရိုင်းဧရိယာ ၁၀၀၀ ဧကအတွင်းမှာ ပါဝင်လျက်ရှိကြောင်း သိရှိရပါတယ်။ တောင်သူ ဦးတင်ထွန်း အပါ လူ ၁၂ ဦး တို့ဟာ မြသိင်္ဂီကုမ္ပဏီကို လုပ်ပိုင်ခွင့်ပြုထားတဲ့မြေမှာ စာရင်းငှားများအဖြစ်နဲ့ ၂၀၀၈ ခုနှစ်မှစပြီး သီးနှံစိုက်ပျိုးလုပ်ကိုင်နေသူများဖြစ်ကြပြီး လွန်ခဲ့သော် ငါးနှစ်အချိန်ခန့်ကစပြီး တောင်သူများမှ ကိုယ်ပိုင်စိုက်ပျိုးလိုသဖြင့် အဆိုပါမြေအား ကုမ္ပဏီမှနုတ်ကတိဖြင့် ငှားရမ်းပေးခဲ့ကြောင်း ထိုသို့ငှားရမ်း လုပ်ကိုင်ကြပြီးတဲ့နောက်မှာ ၂၄-၆-၂၀၁၅ ရက်တွင်မှ ကုမ္ပဏီနဲ့တောင်သူများ နှစ်ဘက်သဘောတူ အရပ်ကတိစာချုပ်ချုပ်ဆိုပြီး မြေဧရိယာ ၁၃၄.၃၇ ဧကကို အခကြေးငွေသတ်မှတ်ချက် မရှိဘဲ အခမဲ့ဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ တစ်နှစ်ငှားရမ်းခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း(၆) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိတဲ့သူဟာ ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်း မပြုရလို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့အတွက် မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ရရှိသူ မြသိင်္ဂီကုမ္ပဏီအနေဖြင့် လုပ်ပိုင် ခွင့်ပြုထားမြေကို အခြားတောင်သူများအား မြေငှားရမ်းပြီး စိုက်ပျိုးခြင်းပြုခဲ့ခြင်းသည် တည်ဆဲဥပဒေ ကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ခဲ့တာကို တွေ့ရပါတယ်။ ဦးချစ်ဖေ၊ မြသိင်္ဂီကုမ္ပဏီမှ ငှားရမ်းထားတဲ့၊ တောင်သူ ၁၂ ဦးငှားရမ်းစိုက်ပျိုးထားတဲ့မြေနေရာနှင့်ပတ်သက်ပြီး ဦးချစ်ဖေ၏ဇနီး ဒေါ်ခင်မေလတ်မှ ၂၉-၆-၂၀၁၆ ရက်နေ့မှာ သက်ဆိုင်ရာသို့ ပုံစံ(၇)ထုတ်ပေးထားမှုနှင့် ဖယ်ရှားရေး တင်ပြတိုင်ကြားခဲ့တဲ့အတွက် မိုးညှင်းမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စစ်ဆေးခဲ့ရာ ဦးတင်ထွန်းပါ ၁၂ ဦးကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို ထုတ်ပေးထားခဲ့ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် မြသိင်္ဂီကုမ္ပဏီရဲ့လုပ်ပိုင်

ခွင့်ရရှိထားသောမြေအတွင်းမှာ လုပ်ထုံးလုပ်နည်းလွဲမှားစွာထုတ်ပေးထားတဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၆-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၅/၁-၂/၂၀၀၂-၁၅၂၆ ဖြင့် ပြန်လည်သိမ်းဆည်းခဲ့ပါကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့မှလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၅-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၄/၇-၁၃(၅၀၇)/အစိုးရအဖွဲ့(ကချင်)ဖြင့် ပုံစံ(၇) မှားယွင်းထုတ်ပေးခြင်းခိုင်လုံပါက သက်ဆိုင်ရာတာဝန်ရှိသူအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်နှင့် မှားယွင်းစွာထုတ်ပေးသည့်ပုံစံ(၇)ကို ပြန်လည်သိမ်းဆည်းရန်ညွှန်ကြားခဲ့တဲ့အတွက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (မြစ်ကြီးနားမြို့)မှ ၂၇-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၅၀၈/မအ-၄ ဖြင့် စိစစ်ဆောင်ရွက်သွားရန်နှင့် ပြန်လည်တင်ပြရန် မိုးညှင်းခရိုင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အကြောင်းကြားထားခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိရဲ့ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိထားပြီး ယခုနှစ်လယ်ယာစိုက်ပျိုးရေးစရိတ်ထုတ်ပေးရာမှာ ကန့်သတ်ခံထားရတဲ့ လယ်သမား ၁၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မြေသိမ်ကုမ္ပဏီအနေဖြင့် လုပ်ပိုင်ခွင့်ပြုထားတဲ့မြေကို အခြားတောင်သူများကို မြေငှားရမ်း၍ စိုက်ပျိုးခြင်းပြုခဲ့ခြင်းသည် တည်ဆဲဥပဒေကို လိုက်နာခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေးပြီး ဗဟိုကော်မတီသို့ စိစစ်တင်ပြစေကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေကိစ္စနှင့်ပတ်သက်၍ တောင်သူများကိုထုတ်ပေးထားတဲ့ပုံစံ(၇)သည် လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိဘဲ မှားယွင်းစွာထုတ်ပေးထားခြင်းကြောင့် ပြန်လည်သိမ်းဆည်း ပယ်ဖျက်ထားပြီးဖြစ်ပါသဖြင့် တောင်သူများသို့ ဘဏ်ချေးငွေထုတ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် မှားယွင်းထုတ်ပေးမှုကိစ္စရပ်အတွက် သက်ဆိုင်ရာထုတ်ပေးခဲ့သည့်အဖွဲ့ကိုလည်း မှားယွင်းမှုအား စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ကျောက်တော်မြို့နယ်အောက်ပိုင်း ပိန္နဲချောင်း-ကြောင်စွယ်ဖြူရွာချင်းဆက် ကမ်းခြေလမ်းမကြီးအား ကတ္တရာလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ သာလေစွပါခင်ဗျား။ ဒီနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၄၁)ရက်မြောက်နေ့မှာ ရောက်ရှိနေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လေ့လာသူများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာပဏာမဆန္ဒပြုဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျောက်တော်မြို့နယ်အောက်ပိုင်း ကုလားတန်မြစ်အရှေ့ဘက်ကမ်းခြေဖြစ်သည့် ပိန္နဲချောင်း-ကြောင်စွယ်ဖြူ ရွာချင်းဆက်ကမ်းခြေလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းမကြီး အဖြစ်ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကိုမမေးခင်မှာ ကျွန်တော်တို့ကျောက်တော်မြို့နယ်ရဲ့ လမ်းပန်းဆက်သွယ်မှု အခြေအနေတွေကို အနည်းငယ်ရှင်းပြလိုပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့တစ်ပတ်လောက်က သတင်းစာ တစ်စောင်မှာတွေ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ လမ်းပန်းဆက်သွယ်ရေး အဆိုးရွားဆုံးနိုင်ငံဖြစ်တယ်လို့ဆိုပါတယ်။ အဲဒီအထဲမှာ ဖွံ့ဖြိုးမှုအနိမ့်ဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ် လိုဒေသတွေမှာကတော့ အားလုံးရောက်ဖူးတဲ့လူတိုင်းသိပါတယ်။ လမ်းပန်းဆက်သွယ်မှု အခြေအနေတွေ ဘယ်လောက်ထိဆိုးဆိုးရွားရွားရှိနေတယ်ဆိုတဲ့ အခြေအနေတွေ ရောက်ဖူးတဲ့ လူတိုင်း သိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ကျောက်တော်မြို့နယ်မှာ ယနေ့အချိန်အထိ မြို့ပေါ်ရော၊ ကျေးလက်ရော တစ်မြို့နယ်လုံးမှာ ပီပီပြင်ပြင် လမ်းနဲ့တူတဲ့လမ်းဆိုလို့ ကျွန်တော်တို့မြို့နယ်မှာ လက်ညှိုးထိုးပြစရာမရှိပါဘူး။ တော်တော်လေးကို ဆိုးဆိုးရွားရွားဖြစ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့ ထူးခြားတာတစ်ချက်က ကျွန်တော်ပြီးခဲ့တဲ့ဆွေးနွေးတဲ့အထဲမှာလည်း ကျွန်တော်ထည့်ပြီး ဆွေးနွေးဖူးပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ မြို့နယ်ဖွဲ့စည်းပုံအခြေအနေဟာ မြစ်ချောင်းတွေကို အမှီပြုပြီးတော့ ရွာတည်ထားတာဖြစ်တဲ့အတွက် တစ်ရွာနဲ့တစ်ရွာဟာ သူ့အလိုလိုတစ်ဆက်တစ်စပ်တည်း ရှိနေပါတယ်။ အဲဒီရွာတွေကလည်း ကျွန်တော်တို့ နှစ်ပေါင်းရာနဲ့ချီပြီးတော့ ဖြစ်တည်နေတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ အဆက်ဆက်တာဝန်ယူအုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်မှာ

**မူကြမ်း**

လျစ်လျူရှုခြင်းကိုခံနေရတဲ့ ကျေးရွာဒေသတွေဖြစ်ပါတယ်။ ကျွန်တော်တို့ကျောက်တော်မြို့နယ် လမ်းပန်း ဆက်သွယ်မှုဆိုးရွားတဲ့လမ်းတွေထဲက ပြည်သူတွေအများဆုံး၊ စိတ်ဝင်စားမှုအမြင့်ဆုံး ကျွန်တော်တို့နဲ့တွေ့တိုင်းကို အမြဲတမ်းတစ်မေးတည်းမေးနေတဲ့ ကျွန်တော်တို့ ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်းမကြီးဟာ ကျောက်တော်မြို့နယ်ရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းကျော်နေထိုင်တဲ့ ကမ်းခြေကြီးတစ်ခု ဖြစ်ပါတယ်။ မိသားစုပေါင်း ၆၀၀၀ နီးနီးရှိပါတယ်။ လူဦးရေ သုံးသောင်းကျော် လောက်ရှိပါတယ်။ ရွာပေါင်း ၃၄ ရွာရှိပါတယ်။ အနီးအနားကျေးရွာတွေပါပေါင်းရင် ရွာပေါင်း လေးဆယ်ကျော်လောက် နေထိုင်ပါတယ်။ အများဆုံးကတော့ တောင်သူလယ်သမားတွေ နေထိုင်ကြတာဖြစ်ပါတယ်။ အဲဒီ လမ်းပန်းဆက်သွယ်ရေးဆိုးရွားတဲ့အခြေအနေတွေကြောင့် ကျန်းမာရေးကိစ္စတွေမှာ ကျွန်တော်တို့ မြို့ပေါ်ကိုလာတဲ့အခါမှာ လမ်းမှာအသက်ပျောက်သွားတဲ့လူတွေကလည်း မနည်းတော့ပါဘူး။ မိုးရာသီမှာဆိုရင် လုံးဝကို မြို့နဲ့အဆက်အသွယ်ပြတ်သွားတဲ့အတွက် တချို့ကျန်းမာရေး၊ ပညာရေးကိစ္စရပ်တွေ၊ ကျွန်တော်တို့ ဒေသန္တရအုပ်ချုပ်ရေးယန္တရားတွေမှာ အများကြီး အခက်အခဲတွေ ဖြစ်နေတာတွေကို ကျွန်တော်တို့ကြုံရပါတယ်။ ကျွန်တော်တို့ ရေကြောင်းနဲ့သွားလာတဲ့အခါမှာလည်းပဲ ဒီအခု ၂၀၁၂ ခုနှစ်မှာဖြစ်တဲ့ ကျွန်တော်တို့ Communal Violence ဖြစ်တဲ့နောက်မှာ ကျွန်တော်တို့ဒီ ဘင်္ဂါလီတွေက ဒီချောင်းမှာပိုက်ချပြီးတော့ နေရာယူထားတဲ့အတွက် သွားရေးလာရေးတွေကလည်း တော်တော်လေးကို ခက်ခက်ခဲခဲဖြစ်နေပါတယ်။ ဒါကြောင့် ဒီ ပိန္နဲချောင်း-ကြောင်စွယ်ဖြူလမ်းကို ကျွန်တော်တို့ ပြည်သူ့အစိုးရလက်ထက်မှာ စေတနာထားပြီးတော့ ကျွန်တော်တို့ ပြည်သူတွေက အမှန်တကယ်နစ်နာနေတဲ့၊ ပြည်သူတွေက အမှန်တကယ်လိုအပ်နေတဲ့ ဒီအခြေအနေအပေါ်မှာ သေသေချာချာစိစစ်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းမကြီး တစ်ခုဖြစ်ဖို့အတွက် ကျွန်တော့်ကိုသွားတိုင်းလည်း တိုက်တွန်းပါတယ်။ ဒါကြောင့် ကျွန်တော်ပြည်သူ့ ကိုယ်စားလှယ်တစ်ယောက်ပီပီ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပါတယ်။ အခု ကျွန်တော်မေးမြန်းနေတဲ့အချိန်မှာလည်းပဲ မျှော်လင့်ချက်ကြီးစွာနဲ့ ကျွန်တော့်ဒေသခံတွေ တီဗွီဖန်သားပေါ်ကနေ စောင့်မျှော်နေကြပါတယ်။ ဒါကြောင့် ပြည်သူ့အစိုးရအပေါ်မှာ မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်မျှော်နေတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးရာမကျအောင် အစီအစဉ်မရှိပါဘူး ဆိုတဲ့အဖြေကို မကြားရပါစေနဲ့လို့ ဆန္ဒပြုဆုတောင်းရင်းနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် လေးစားစွာ ဒီမေးခွန်းကို တင်သွင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဦးထွန်းဝင်းမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနှင့် ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အောက်ပိုင်း ကုလားတန်မြစ်ရဲ့ အရှေ့ဘက်ခြမ်းဖြစ်တဲ့ ပိန္နဲချောင်း-ကြောင်စွယ်ဖြူ ကျေးရွာချင်းဆက်လမ်း အရှည် ၂၀ မိုင်ရဲ့ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း ၃ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ၇ ဖာလုံ၊ လူသွားလမ်း ၁၀ မိုင် ၇ ဖာလုံနဲ့ ကွန်ကရစ်တံတား နှစ်စင်း၊ သစ်သားတံတား တစ်စင်းနဲ့ ရေပြွန် ကိုးစင်းရှိပြီး ကျေးရွာ ၃၃ ရွာနဲ့ အိမ်ခြေပေါင်း ၄၅၅၀ ရှိ လူဦးရေပေါင်း ၂၇၈၆၉ ဦးတို့ကို အကျိုးပြု တယ်လို့သိရှိရပါတယ်။ လူသွားလမ်း ၁၀ မိုင် ၇ ဖာလုံကို မြေသားလမ်းအဖြစ်ဆောင်ရွက်ပါက ငွေကျပ် သန်းပေါင်း ၂၇၅.၅၇ သန်း၊ ပိန္နဲချောင်း-ကြောင်စွယ်ဖြူ ကျေးရွာချင်းဆက်လမ်း စုစုပေါင်း အရှည် ၂၀ မိုင်ကို ကတ္တရာလမ်းဆောင်ရွက်ပါက ငွေကျပ် ၂၇၀၇.၂ သန်းနှင့် အဆိုပါလမ်းပေါ်မှာရှိတဲ့ လမုတပင်ကျေးရွာနှင့် ဂုပ္ပိထောင့်ကျေးရွာကြား ပျက်စီးနေတဲ့ အရှည် ၁၅၀ ပေရှိတဲ့ဖွေးတက် ယာယီလူကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပါက ငွေကျပ် သန်း ၁၈၀ စုစုပေါင်းကုန်ကျငွေ ကျပ်သန်းပေါင်း ၃၁၆၂.၇၇၃ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်ဟာ စုစုပေါင်းအားဖြင့် သန်းပေါင်း ၄၁၄၂.၈၉၂ သန်းသာ ဖြစ်ပါတယ်။ ယင်းငွေဖြင့်ကွန်ကရစ်လမ်း ၃ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၁ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၂၁ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ၂၄ မိုင် ၅ ဖာလုံနဲ့ ကွန်ကရစ်တံတား ၂၇ စင်းနှင့် ရေပြွန် ၆၆ စင်းတို့ကို ဆောင်ရွက်ရန် ဤနှစ်အတွက် လျာထားပါတယ်။ ကျောက်တော်မြို့နယ်အတွက်မူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၀၈.၄၆ သန်း လျာထားတာဖြစ်တဲ့အတွက် ကျောက်ချောလမ်း ၂ မိုင်နှင့် ကွန်ကရစ်တံတားတစ်စင်းတို့ကိုသာ လျာထားဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှ လမ်း၊ တံတားလုပ်ငန်းများနှင့်ပတ်သက်ပြီး လမ်းအမျိုးအစားနှင့်အဆင့်အတန်းသတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်း၊

လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းနှင့် Strategy and Investment Plan ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်သတ်မှတ်ချက် Criteria နှင့်အညီ ဦးစားပေး ရွေးချယ်ခြင်းကိုတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးပြီး နှစ်တို၊ နှစ်ရှည် စီမံကိန်း Master Plan ရေးဆွဲရာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်တိုင်းဒေသကြီးများမှ နှစ်တို၊ နှစ်ရှည်စီမံကိန်း Master Plan အရ ဦးစားပေးရေးဆွဲ တင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနေနဲ့ စိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားရတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ကုလားတန်မြစ်အရှေ့ဘက်ခြမ်းဟာ ပိန္နဲချောင်း-ကြောင်စွယ်ဖြူ ကျေးရွာချင်းဆက်လမ်းအား လက်ရှိ မိမိဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီးမှသာ လျာထား ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အခုလို ရှင်းပြပေးတာ အထူးပဲကျေးဇူး တင်ပါတယ်ခင်ဗျ။ ကျွန်တော်တစ်ခု ဆက်စပ်ပြီးတော့ မေးမြန်းချင်တာက ဝန်ကြီးဖြေတဲ့အထဲမှာ ပါပါတယ်။ ဒီကျောက်ချောလမ်းကိစ္စပါ။ ကျွန်တော်တို့ နယ်ကိုဆင်းတဲ့အခါမှာ လမ်းဟာအခက်အခဲရှိပါ တယ်။ ပြဿနာရှိပါတယ်။ ဒီလမ်းကို လွှတ်တော်မှာတင်ပြပေးဖို့ ကျွန်တော်တို့ကို တိုက်တွန်းတဲ့အထဲမှာ အဲဒီ ကျောက်ချောလမ်းရထားတဲ့အပိုင်းက ပိုများပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒေသအခေါ်အဝေါ်နဲ့ဆိုရင် ကျွန်တော်တို့ကိုတင်ပြတာ ဘယ်လိုပြောလဲဆိုတော့ ကျောက်ချောလမ်း တွေက ခင်းပြီးတာနဲ့ ကျောက်တွေက မြောင်းထဲကိုချောကျသွားတယ်တဲ့။ မကျဘဲနဲ့ကျန်ခဲ့တဲ့ အဲဒီကျောက်တွေကလည်းပဲ လူကိုမြောင်းထဲကို လျှောကျအောင်လုပ်တယ်ဆိုပြီးတော့မှ အမှန်တကယ် ကလည်း ကျောက်တုံးကြီးတွေ ထိုးထိုးထောင်ထောင်နဲ့ သွားရေးလာရေးတော်တော်လေးကို ခက်ခဲ နေပါတယ်။ အဲဒီအပိုင်းတွေကတော့။ ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဖြေတဲ့အထဲမှာ ကျွန်တော် ထပ်ဆင့်ပြီးတော့ မေးချင်တာကတော့ ဒီ ၁၈ မိုင်ရှိတဲ့လမ်းကို ကျွန်တော်တို့ ပြည်သူ့တွေအနေနဲ့ မျှော်လင့်ချက်တွေ မပျက်စီးရအောင် ဘယ်နှစ်လောက်မှာများ၊ တိတိကျကျ ဘယ်လလောက်မှာ

လုပ်နိုင်မယ်၊ ဘယ်လောက်မှာပြီးစီးအောင် ဘယ်လောက်အနေအထားအထိ လုပ်နိုင်မယ်ဆိုတဲ့ ကတိတစ်ခုကိုပေးပေးဖို့ ကျွန်တော် လေးလေးစားစားနဲ့တင်ပြတောင်းဆိုပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် မည်သည့်နှစ်၊ မည်သည့်အချိန်မှာပြီးမယ့်ကိစ္စနှင့်ပတ်သက်လို့ သက်ဆိုင်ရာတိုင်းဒေသကြီး နှင့်ပြည်နယ်များရဲ့ ဦးစားပေးလျာထားချက်အလိုက် တင်ပြဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် နှစ်အလိုက်ဖြစ်ပေါ်နေတဲ့အခြေအနေခွင့်ပြုနိုင်တဲ့ဘဏ္ဍာငွေအရသာလျှင် ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက် လက်ရှိအခြေအနေမှာ တင်ပြပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းများမေးမြန်းတဲ့အခါဖြစ်စေ၊ ဆွေးနွေးတဲ့အခါမှာပဲဖြစ်စေ တချို့လွှတ်တော်ဆိုင်ရာဥပဒေကို အထူးသတိပြုဖို့ လိုတာရှိပါတယ်။ ဒါဘာလဲဆိုတော့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၁၂) တားမြစ်ချက်နှင့်ပြစ်ဒဏ်များမှာ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တစ်ရပ်ရပ်က ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရဆိုတဲ့အချက်ရှိတယ်။ ဒါကြောင့်မို့လို့ ကိုယ်မေးတဲ့အခါမှာ၊ ကိုယ်ဆွေးနွေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဒါလေးတွေကိုတော့ သတိပြုစေလိုပါတယ်။ ဒါကိုကျွန်တော် အကြောင်းကြား၊ အသိပေးလိုပါတယ်။

**ဝက်လက်မြို့နယ်ရှိ စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာလမ်းအား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်မှာရှိတဲ့ စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာလမ်းအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်

အဆင့်မြှင့်ပြုပြင်ပေးရန် တောင်းခံခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းလိုတဲ့အကြောင်းအရင်းကတော့ ၎င်းလမ်းဟာ မန္တလေး-ရွှေဘို-မြစ်ကြီးနား လမ်းမကြီးနဲ့ ဆက်နေပါတယ်။ ၁၂ မိုင်ရှည်ပါတယ်။ အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် ကမ္ဘာ့ဘဏ် အကူအညီနဲ့ ပြုလုပ်ပေးရန် ၈-၄-၂၀၁၆ ရက်နေ့က တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနကနေပြီးတော့ ဝက်လက်မြို့နယ် ကျေးလက်ဦးစီးဌာနကို လိုအပ်သောအချက်အလက်များ တောင်းယူခဲ့ပြီးဖြစ်ပါ တယ်။ သို့သော်လည်းပဲ ယခုအချိန်ထိ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းမရှိသေးတဲ့အတွက် မည်သည့် အချိန်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ နေ့စဉ်ကုန်တင် ကားကြီးများ အစီး ၅၀ ကျော်အသုံးပြုဖြတ်သန်းနေပြီးတော့ ဒေသထွက်တဲ့ သီးနှံမျိုးစုံနဲ့ ခြံထွက် သီးနှံများကို သယ်ဆောင်ပေးနေရပါသဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျှင်မြန်စေရန် ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်ပြုလုပ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ဒါ ကျွန်တော်တို့ ဝက်လက်မြို့နယ်က လမ်းဖြစ်ပါတယ်။ ၁၂ မိုင်ရှိပါတယ်။ ဒါဟာ မြို့နယ်ကျေးလက်ဦးစီးကနေ တွက်ချက်ထားတဲ့ ကုန်ကျ စရိတ်ဖြစ်ပါတယ်။ ဒါကတော့ စိုင်နိုင်ကွေ့နဲ့ မင်းကျီကြား လမ်းအခြေအနေဖြစ်ပါတယ်။ ဒါကတော့ မင်းကျီကျေးရွာနဲ့ ကျောက်တိုင်ကျေးရွာကြား လမ်းပိုင်းအခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကျောက်တိုင်ကျေးရွာနှင့် မြင်းသီကျေးရွာကြား လမ်းပိုင်းအခြေအနေဖြစ်ပါတယ်။ ဒါကတော့ မြင်းသီ ကျေးရွာနဲ့ ကွန်ဆိပ်ကျေးရွာက လမ်းပိုင်းအခြေအနေတွေဖြစ်ပါတယ်။ ဒီလမ်းတွေဟာ လက်ရှိအခြေ အနေမှာ နှစ်စဉ်မိုးရာသီရောက်တိုင်း၊ ရောက်တိုင်းမှာ ယခုကဲ့သို့ လမ်းများပျက်စီးနေပါသဖြင့် ကားများထွက်မရပါဘူး။ သွားလာ၍မရပါဘူး။ ဒါကြောင့်မို့ အဲဒီဒေသမှာရှိတဲ့ ခြံထွက်သီးနှံ လုပ်ကိုင်နေတဲ့ တောင်သူများ သီးနှံများပျက်စီးပြီးတဲ့အခါမှာ တောင်သူများအရှုံးနှင့် ရင်ဆိုင်နေရပါ တယ်။ ၎င်းလမ်းဟာ ဝက်လက်မြို့နယ်ရော ရွှေဘိုမြို့နယ်ပါ မူးမြစ်ကမ်းဘေးမှာရှိတဲ့ ကျေးရွာများမှ သီးနှံမျိုးစုံနှင့် ခြံထွက်သီးနှံများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ပို့ဆောင်ပေးရန် အဓိကကျတဲ့ လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းသာ ကောင်းသွားပါက ကျေးရွာပေါင်း ၁၈ ရွာ၊ လူဦးရေပေါင်း ၅၆၀၀၀ ကျော်နှင့် လယ်ယာဧက ၂၃၀၀၀ ကျော်အတွက် အကျိုးပြုမှာဖြစ်ပါတယ်။ ဒါကြောင့် ၎င်းလမ်းအား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမည်ကို သိရှိလိုပါ

သဖြင့် ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်သိန်းက ယခုလို ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်အတွင်း မှာရှိတဲ့ စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာချင်းဆက်လမ်းဟာ ကျောက်ချော လမ်း ၆ မိုင်၊ မြေသားလမ်း ၆ မိုင် ၄ ဖာလုံ စုစုပေါင်းလမ်းအရှည် ၁၂ မိုင် ၄ ဖာလုံရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့အတိုင်း ကမ္ဘာ့ဘဏ်အကူအညီနဲ့ ရေကြီးရေလျှံမြေပြိုမှုများအတွက် အရေးပေါ် ပြန်လည်ထူထောင်ရေးစီမံကိန်းအတွင်းမှာ ပါဝင်တဲ့ အတွက် လျာထားတိုင်းတာမှုများကို ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါလမ်း ဆောင်ရွက်ပါက ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၄၅၁၃ မှာရှိတဲ့ လူဦးရေပေါင်း ၅၆၈၂၆ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅၂၀.၇၂ သန်းဖြင့် ကွန်ကရစ်လမ်းပေါင်း ၅ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၂၀ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၁၀၁ မိုင် ၃ ဖာလုံ၊ ဂဝံ/မြေနီလမ်း ၃၈ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၁၀၉ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတား ၄၇ စင်း၊ သစ်သားတံတား ၉၃ စင်း၊ ရေပြွန် ၆၅ စင်းနှင့် ရေကျော် ၄၄ စင်းတို့ကို လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ဝက်လက်မြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၃၆.၈၇၃ သန်းဖြင့် ကွန်ကရစ်လမ်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာ လမ်း ၁ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၁၇ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၄ ဖာလုံ၊ ကွန်ကရစ်တံတား နှစ်စင်း၊ သစ်သားတံတားနှစ်စင်းနှင့် ရေကျော်ခြောက်စင်းနှင့် ရေပြွန်လေးစင်းတို့ကို လျာထား ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ဝက်လက်မြို့နယ်

မှာရှိတဲ့ စိုင်နိုင်ကွေ့-မင်းကျီ-ကျောက်တိုင်-မြင်းသီ-ကွန်ဆိပ်ကျေးရွာချင်းဆက်လမ်း ၁၂ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းအပါအဝင် လုပ်ငန်းကို ကမ္ဘာ့ဘဏ်အကူအညီနှင့် ဆောင်ရွက်ရန်အတွက် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများအပါအဝင် ဆောင်ရွက်မှာဖြစ်တဲ့အတွက် ရေကြီးရေလျှံမြေပြိုမှုများအတွက် အရေးပေါ် ပြန်လည်ထူထောင်ရေး စီမံကိန်းဖြင့် ဆောင်ရွက်ရန် လျာထားပြီးလည်း ဖြစ်ပါတယ်။ လျာထားချက်အရ ဆောင်ရွက် အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်းတဲ့နှစ်ကာလမှာ လာမည့်နှစ်ကာလဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါတယ်။

**ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်က တင်သွင်းသည့် မိမိနိုင်ငံအတွင်း အလုပ်အကိုင် ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ (၂၁-၉-၂၀၁၆ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာ နည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီး နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက် ၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား

တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ၂၁-၉-၂၀၁၆ ရက်နေ့တွင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်တင်သွင်းခဲ့သော မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစရှိတဲ့ ကဏ္ဍမျိုးစုံကို အဘက်ဘက်ကတိုးတက်လာဖို့ အားသွန်ခွန်စိုက် ကြိုးပမ်းနေရချိန်လည်းဖြစ်သလို အစိုးရသစ်အနေနဲ့လည်း ပြည်သူတွေရဲ့လိုအပ်ချက်ကို တတ်နိုင်သမျှဖြည့်ဆည်းရင်း ဒီမိုကရေစီလမ်းကြောင်းပေါ် ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေချိန်လည်းဖြစ်ပါတယ်။ အခုလိုကြိုးပမ်းအကောင်အထည်ဖော်ရာမှာ အခက်အခဲပေါင်းများစွာလည်း ရှိနေပါတယ်။ ၎င်းတို့ထဲမှ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ အခက်အခဲတွေကိုလည်း ကူညီဖြေရှင်းပေးရမယ့်တာဝန်လည်း ရှိနေပြန်ပါတယ်။ ပြည်ပရောက်မြန်မာနိုင်ငံသားတွေဟာ မြန်မာနိုင်ငံမှာ အရပ်သားအစိုးရသစ်ပေါ်ပေါက်လာဖို့၊ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့ မျှော်လင့်ချက်များစွာဖြင့် မိမိတို့ရောက်ရှိရာ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ သံရုံးတွေမှာ အပင်ပန်းခံ၊ အိပ်ရေးပျက်ခံ လမ်းဘေးပလက်ဖောင်းပေါ်ခေါင်းချအိပ်ပြီး အစိုးရသစ်ကိုရွေးချယ်တင်မြှောက်နိုင်ခဲ့

တဲ့အထိ ဆန္ဒမဲပေးပြီး တာဝန်ကျေခဲ့ကြတာတွေကို ပြီးခဲ့တဲ့ရွေးကောက်ပွဲကာလအတွင်း မီဒီယာ စာမျက်နှာ တွေမှာ အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံသားတွေဟာ ပြည်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်နေကြရတဲ့အကြောင်းအရင်းများမှာ ပြည်တွင်းအလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါး ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသတွေမှာလည်း ငြိမ်းချမ်းမှုမရှိခြင်း၊ သွားလာရ ခက်ခဲပြီး ဒေသထွက်သီးနှံများ တင်ပို့ရောင်းချရာတွင်လည်း အကျိုးအမြတ်နည်းပြီး ဈေးကွက်မရှိခြင်း များကြောင့် မိသားစုစားဝတ်နေရေးဖြေရှင်းနိုင်ဖို့ ပြည်ပနိုင်ငံများသို့သွားရောက်ပြီး မူရင်းနိုင်ငံသား များ မလုပ်ကိုင်ချင်ကြသည့် Difficult, Dirty, Danger ဆိုတဲ့ ခက်ခဲကြမ်းတမ်းညစ်ပေပြီး အန္တရာယ် ရှိတဲ့အလုပ်တွေကိုသာ လုပ်ကိုင်ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ ၎င်းအန္တရာယ်ရှိလုပ်ငန်းများကို လုပ်ကိုင်နေကြသူတွေထဲမှာ ကျွန်တော်တို့မြန်မာနိုင်ငံက ဘွဲ့ရကျောင်းပြီး လူငယ်လူရွယ်အများအပြား ပါဝင်နေတာကို ဝမ်းနည်းဖွယ်တွေ့မြင်နေရပါတယ်။ သုတေသနစာတမ်းများအရ ထိုင်းနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြသူ နှစ်သန်းမှ လေးသန်းကြား၊ မလေးရှားနိုင်ငံမှာ တစ်သိန်းမှ ငါးသိန်းအထိ။ ဒါ့အပြင် တခြားနိုင်ငံတွေမှာလည်း စာရင်းအတည်ပြုမရနိုင်တဲ့ သွားရောက်အလုပ် လုပ်ကိုင်နေသူဦးရေဟာ ထောင်ပေါင်းများစွာရှိနေပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများသို့ တရားဝင်ထွက်ခွာသူများနှင့် တရားမဝင်ထွက်ခွာသူများစာရင်းဟာ မြန်မာ နိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းနီးပါးထိရှိနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ အခုလို ပြည်ပနိုင်ငံများ သို့ သွားရောက်အလုပ် လုပ်ကိုင်ရာတွင် အများစုမှာ အခက်အခဲတွေနဲ့ကြုံတွေ့နေရပါတယ်။ လုပ်ငန်း ခွင်မှာ မတော်တဆထိခိုက်မှုအတွက် နစ်နာကြေးမရရှိခြင်း၊ လုပ်ခလစာ ခေါင်းပုံဖြတ်ခံရခြင်း၊ အလုပ်သမားအခွင့်အရေး အပြည့်အဝမရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခြင်း စတဲ့အခက်အခဲတွေ နေ့စဉ်ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်အထောက်အထားနဲ့ အလုပ်လုပ်နေတဲ့သူတွေပင် အလုပ်ရှင်နှင့် သက်ဆိုင်ရာနိုင်ငံရဲတို့ကပူးပေါင်းပြီး ဖမ်းဆီးနှိပ်စက်တာ၊ ခြိမ်းခြောက်တာ၊ ငွေတောင်းယူခြင်းများ ရှိနေပါတယ်။ လုပ်ငန်းခွင်ပြင်ပမှာလည်း အုပ်စုဖွဲ့လုယက်ခံရတာတွေ၊ နောက်ဆုံး အငှားယာဉ်မောင်း သမားတွေကပါ လုယက်နေတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံသားတွေဟာ ပြည်ပနိုင်ငံမှာ ဘဝ လုံခြုံမှုကင်းမဲ့နေရပါတယ်။ ဥပဒေမဲ့သတ်ဖြတ်ခံလိုက်ရသူတွေအတွက် ယနေ့အထိ အမှုမှန်ဖော်ထုတ် နိုင်ခြင်းမရှိသေးပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုတာကတော့

**မူကြမ်း**

နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်နေသောကုမ္ပဏီများ၊ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တရားဝင်လိုင်စင်ရှိ/မရှိ၊ လုပ်သားများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ တရားဝင်စေလွှတ်ခြင်းရှိ/မရှိ၊ တာဝန်ခံစေလွှတ်လိုက်သည့် ကုမ္ပဏီအေဂျင်စီများအနေဖြင့် ပြည်ပတွင် မိမိတို့အလုပ်သမားများ လုပ်အားခအပြည့်အဝ ရရှိမှုရှိ/မရှိ၊ အလုပ်ချိန်အတိုင်းစေခိုင်းခြင်းရှိ/မရှိ၊ အလုပ်သမားအခွင့်အရေး အပြည့်အဝပေးထားခြင်းရှိ/မရှိတို့ကို ပုံမှန်စစ်ဆေးစုံစမ်းခြင်းနှင့် ပြည်ပနိုင်ငံများတွင် မိမိတို့မြန်မာနိုင်ငံသားများအား အခက်အခဲဒုက္ခကြုံတွေ့လာလျှင် နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးကူညီဆောင်ရွက်သွားဖို့ လိုအပ်နေပါကြောင်း တိုက်တွန်းရင်း စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှအလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာပိုင်ဆိုင်နိုင်ကြပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အာဆီယံနိုင်ငံတွေရဲ့အကြားမှာ ရွှေ့ပြောင်းအလုပ်သမား အရေးအတွက်ဟာဆိုလို့ရှိရင် ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားအားလုံးရဲ့ ကိုးရာခိုင်နှုန်းတောင်မှရှိတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့် ရွှေ့ပြောင်းအလုပ်သမားတွေရဲ့အခွင့်အရေးတွေ၊ မတရားဖိနှိပ်ခံရမှု၊ သတ်ဖြတ်ခံရမှုတွေကို အကာအကွယ်ပေးရေးဟာဆိုရင်အရေးတကြီး လိုအပ်ချက်တစ်ခုဖြစ်လို့လာပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမားတွေကို ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်စော်ကားခြင်းများသာမက ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းအထိတောင် ခံနေကြရပြီဖြစ်တဲ့အတွက် ပိုလို့တောင်လိုအပ်နေပြီဖြစ်ပါတယ်။ ၁၉၉၀

နောက်ပိုင်းမှာ အလုပ်အကိုင်ရှားပါးမှု၊ လယ်ယာမြေတွေအသိမ်းခံရမှုတွေကြောင့်မို့လို့ မြန်မာနိုင်ငံသားတွေဟာ အိမ်နီးချင်းပြည်ပနိုင်ငံတွေကို ရွှေ့ပြောင်းလုပ်ကိုင်ကြရပါတယ်။ တရားဝင်လုပ်သား၊ တရားမဝင်အလုပ်သမားအရေအတွက်ဟာဆိုရင် ထိုင်းနိုင်ငံမှာ သုံးသိန်းနီးပါး၊ မလေးရှားမှာ ငါးသိန်း၊ စင်္ကာပူမှာ နှစ်သိန်းလောက်ရှိတယ်လို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံရပ်ခြားကိုသွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ဖို့ဆိုလို့ရှိရင် အစိုးရတစ်ရပ်ရဲ့ ပထမဦးဆုံးခြေလှမ်း၊ ပထမဦးဆုံးလုပ်ဆောင်ချက်ဟာ Declaration လို့ခေါ်တဲ့ ကြေညာချက်တစ်ခုထုတ်ပြန်ရမှာဖြစ်ပါတယ်။ ဒီဟာတွေဟာ ငါ့ရဲ့ နိုင်ငံသားတွေဖြစ်တယ်။ ငါ့ရဲ့အလုပ်သမားတွေဖြစ်တယ်။ ငါ့ရဲ့ အလုပ်သမားတွေကို ငါတာဝန်ယူတယ် ဆိုတာမျိုး ကြေညာချက်ထုတ်ဖို့ဟာဆိုတာ ပထမခြေလှမ်းဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ ကိစ္စတွေကို တရားဝင်ဖြစ်စေဖို့ Government to Government လမ်းကြောင်းဖြစ်ဖို့သာ ဆောင်ရွက်ပေးသင့်ပါတယ်။ ယခုလက်ရှိမှာဆိုရင် တရားဝင်လမ်းကြောင်းနည်းလမ်းတွေဟာဆိုရင် ရှုပ်ထွေးတယ်၊ ခက်ခဲတယ်၊ ကြန့်ကြာတယ်အတွက်ကြောင့်မို့လို့ အလုပ်သမားတွေအပေါ်မှာ စွဲဆောင်နိုင်မှုနည်းနေပါတယ်။ ဒါကြောင့်မို့လို့ တရားမဝင်လမ်းကြောင်းတွေ၊ အေဂျင်စီတွေနဲ့ချိတ်ဆက်လုပ်ခြင်းအားဖြင့် ယခုလို ဥပဒေမဲ့ပြုကျင့်ခြင်းတွေကို ခံနေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအနေနဲ့ တရားဝင်လမ်းကြောင်းဆောင်ရွက်မှုတွေကို ရိုးရှင်းလွယ်ကူသောနည်းတွေနဲ့ ဖြေလျှော့ဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ ရောက်ရှိပြီးဖြစ်နေတဲ့ တရားဝင်၊ တရားမဝင် အလုပ်သမားစာရင်းအတိအကျကို သက်ဆိုင်ရာနိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးတွေအနေနဲ့လည်း စီမံချက်တစ်ခုချမှတ်ပြီးတော့ အမြန်ဆုံးဆောင်ရွက်သင့်ပါတယ်။ ယခုအခါ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို သက်သေခံလက်မှတ်များထုတ်ပေး၍ တရားဝင်သွားလာအလုပ်လုပ်နိုင်ရန် ထိုင်းအစိုးရနှင့် သဘောတူညီမှုရရှိအောင် ဆောင်ရွက်ခြင်းအပေါ် အစိုးရအသစ်ကို အလုပ်သမားတွေရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်။ ဒီလိုပဲ တခြားနိုင်ငံတွေမှာလည်း ဆက်လက်လုပ်ဆောင်ဖို့လိုအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာအလုပ်သမားအများဆုံးရှိတဲ့နိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးတွေဟာဆိုလို့ရှိရင် အလုပ်သမားတွေနဲ့တွေ့ဆုံခြင်း၊ အခက်အခဲတွေကို နားထောင်ခြင်း၊ အဲဒီနိုင်ငံတွေရဲ့ ဥပဒေတွေကို အသိပညာပေးခြင်းနဲ့ ပြဿနာအများဆုံးဖြစ်တဲ့ ဒေသတွေကို လိုအပ်လို့ရှိရင် ဌာနခွဲတွေ ရုံးခွဲတွေ ဖွင့်လှစ်ပြီးတော့လုပ်ဆောင်သင့်ပါတယ်။ အဲဒီနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာအစိုးရဌာန၊ အလုပ်ရှင်တွေနဲ့လည်း ဆွေးနွေးညှိနှိုင်းပြီးတော့ အဲဒီကနေပြီးတော့တစ်ဆင့် နှစ်နိုင်ငံသဘောတူညီ

ချက်လို့ဆိုတဲ့ Bilateral Agreement တွေရတဲ့အထိ စဉ်ဆက်မပြတ်ဆောင်ရွက်သင့်ပါတယ်။ နှစ်နိုင်ငံသဘောတူညီချက်ကို လိုက်နာခြင်းရှိ/မရှိလည်း အဆက်မပြတ်စောင့်ကြည့်ထိန်းညှိခြင်းတွေ ပြုလုပ်ရပါမယ်။ ဒါမှသာ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ထိရောက်စွာအကာ အကွယ်ပေးနိုင်မှာဖြစ်သလို Government to Government လုပ်ဆောင်ခြင်းအားဖြင့်လည်း နိုင်ငံ့ အတွက် လူ့စွမ်းအားအရင်းအမြစ်ကရတဲ့ ဝင်ငွေတွေတိုးတက်ရရှိလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ပမှပြန်လာချင်တဲ့ အလုပ်သမားတွေအတွက်ဆိုရင်လည်း သိမ်းဆည်းခံမြေ တွေ လက်ဝယ်ပြန်ပေးနိုင်ဖို့နှင့် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးဖို့လိုအပ်ပါတယ်။ ယခု အစိုးရလက်ထက်မှာဆိုရင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံချင်တဲ့သူတွေဟာ အထူးစိတ်ဝင်စားနေကြပါ တယ်။ အဲဒီလုပ်ငန်းစဉ်တွေအတွက်လည်း လွှတ်တော်ပိုင်းက လိုအပ်သော ဥပဒေတွေ ပြဋ္ဌာန်းဖို့နှင့် မတရားတဲ့ဥပဒေတချို့ကိုလည်း ဖျက်သိမ်းခြင်းတွေကို ပြုလုပ်ပြီးဖြစ်ကြောင်း ဒီနေရာကနေ ပြောကြား လိုပါတယ်။ ဘက်ညီစေဖို့လို့ အစိုးရဘက်ကလည်း လယ်ယာမြေပြဿနာတွေ၊ ပြည်တွင်းအလုပ်သမား ပြဿနာတွေကို မှန်ကန်မြန်ဆန်စွာ ဖြေရှင်းခြင်းအားဖြင့် ပြည်ပရောက်မြန်မာအလုပ်သမားတွေကို ယုံကြည်မှုပေးသင့်ပါတယ်။ ဇာတိမြေကို အလွန်ချစ်မြတ်နိုးကြတဲ့ ကျွန်မတို့မြန်မာလူမျိုးတွေဟာ ကိုယ့်ရဲ့ဇာတိချက်မြှုပ်ကို ခေါင်းချချင်ကြမှာ မလွဲပါဘူး။ ဒါကြောင့်မို့လို့ ယုံကြည်စွာပြန်လာရဲဖို့ အစိုးရ လုပ်ဆောင်ချက်အပေါ်မှာ မူတည်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးကနေပြီးတော့ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်သွားတာ ဘာကြောင့်လဲလို့မေးရင် အစိုးရရဲ့စီမံခန့်ခွဲမှုညံ့လို့လို့ တစ်ညီတစ်ညွတ်တည်း ဖြေကြမှာမလွဲပါဘူးရှင်။ ဒါကြောင့် အစိုးရကောင်းတစ်ရပ်ဖြစ်ဖို့ဆိုရင် (၁) စီမံ ခန့်ခွဲမှုကောင်းရပါမယ်။ (၂) မိမိရဲ့နိုင်ငံသားတွေကို ရင်ဝယ်သားကဲ့သို့ မေတ္တာရှေ့ထားလုံခြုံမှုပေးနိုင် ရပါမယ်။ ပြည်တွင်းပြည်ပ မြန်မာနိုင်ငံသားများအနေနဲ့လည်း မိမိနိုင်ငံမှာဖြစ်စေ၊ တခြားနိုင်ငံမှာ ဖြစ်စေ အကြောက်တရားကင်းစွာ နေထိုင်လုပ်ကိုင်ချင်ကြမှာ ဆန္ဒရှိနေကြပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို ငွေကြေးနဲ့သော်လည်းကောင်း၊ အာဏာတွေ၊ အကြောက်တရားတွေနဲ့လည်း လုပ်ယူလို့မရနိုင်တာကို ယခင်အစိုးရအဆက်ဆက်ရဲ့ဖြစ်စဉ်တွေမှာ ရှင်းရှင်းလင်းလင်းသိနိုင်ပါတယ်။ အစိုးရရဲ့မှန်ကန်သော လုပ်ရပ်များဖြင့်သာ ရနိုင်ပါမယ်ရှင်။ နိဂုံးချုပ်အနေနဲ့ ပြည်တွင်းပြည်ပမှာရှိနေ တဲ့ မြန်မာအလုပ်သမားများအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း

တောင်းရင်း စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းသွားသည့်အဆိုနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟာဆိုရင် တရုတ်နိုင်ငံယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လို့ အဆိုရှင်တင်သွင်းသွားတဲ့ပြဿနာအများဆုံး ရင်ဆိုင်ရတဲ့ပြည်နယ်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ပြည်နယ်ကိုကြည့်မယ်ဆိုရင် တရုတ်ပြည်နယ်သို့ သွားရောက်လုပ်ကိုင်သည့်အကြောင်းအရင်းကတော့ လူကုန်ကူးခံရခြင်း၊ အလုပ်အကိုင်ရှားပါးပြီး အလုပ်လက်မဲ့ဖြစ်ခြင်း၊ တရုတ်ပြည်သို့ ဗီဇာမလိုဘဲ အလွယ်တကူသွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်း၊ နယ်မြေမအေးချမ်းခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ တရုတ်ပြည်သို့ လူကုန်ကူးခံရ၍လည်းကောင်း၊ အလုပ်သွားရောက်လုပ်ကိုင်၍သော်လည်းကောင်း လေ့လာကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်မှာ အများဆုံးလူမျိုးကတော့ ကျွန်မတို့ ပလောင်လူမျိုးနဲ့ ရှမ်းတိုင်းရင်းသားလူမျိုးများ အများဆုံးပါဝင်တာကိုတွေ့ရပါမယ်။ လူကုန်ကူးသူများဟာ အဓိကအားဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအားပြစ်မှတ်ထားပြီး တရုတ်ပြည်သို့ ရောင်းစားပြီး တရုတ်နိုင်ငံတွင် လိင်ဖျော်ဖြေရေးလုပ်ငန်းတွင် အတင်းအဓမ္မလုပ်ကိုင်ခိုင်းစေခြင်း၊ အိမ်ဖော်အဖြစ်ရောင်းစားခံရခြင်း၊ တရုတ်မယားအဖြစ် အရောင်းစားခံရခြင်းတို့ကို အများဆုံးခံစားကြရပါတယ်။ ရှမ်းပြည်နယ်၌ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူများထက် လူကုန်ကူးခံရ၍ တရုတ်ပြည်တွင် ကျေးကျွန်ပြုခံရသော လူဦးရေကပိုများပြားသည်ကိုတွေ့ရမှာဖြစ်ပါတယ်။ လူကုန်ကူးခံရသူ ၁၁၀ ဦးတွင် အမျိုးသမီး ၉၅ ဦးခန့်ပါဝင်ပြီး အမျိုးသားမှာ ၁၅ ဦးခန့်ပါဝင်တာကို လေ့လာတွေ့ရှိရပါတယ်။ မဟာမဲခေါင်ဒေသ(GMS)နှင့် အခြားနိုင်ငံများအကြား လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာသဘောတူညီမှုများကို ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံနှင့်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ လုပ်ဆောင်ချက်မှာနိမ့်ကျသည့်အဆင့်တွင် ဆက်လက်တည်ရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။ အစိုးရအနေဖြင့်နိုင်ငံရေးနှင့်စီးပွားရေးပြဿနာများကို မဖြေရှင်းနိုင်သရွေ့ အိမ်နီးချင်းနိုင်ငံများသို့ တရားဝင်

**မူကြမ်း**

နည်းလမ်းနှင့်အတူ တရားမဝင်သောနည်းလမ်းများနှင့်လည်း ဖြတ်ကျော်ဝင်ရောက် အလုပ်ရှာနေသောမြန်မာပြည်သူများမှာ ဆက်လက်တည်ရှိနေခြင်းနှင့်အတူ လူကုန်ကူးခံနေရမှာပဲ ဖြစ်ပါတယ်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ တရုတ်ပြည်တွင် သွားရောက်အလုပ်လုပ်ကိုင်သောအလုပ်သမားများအားလည်းကောင်း လူကုန်ကူးခံရ၍ ကျေးကျွန်ပြုခံနေရသူများအားလည်းကောင်း၊ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့်ပတ်သက်၍ ထိရောက်စွာကူညီပံ့ပိုးနိုင်ရန်အတွက် အကြံပြုပါရစေ။ (၁) ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်လိုသောသူများ လျော့ကျစေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် အလုပ်အကိုင်များဖန်တီးပေးရန်၊ (၂) ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော်ရန်နှင့် အစိုးရပညာရေးစာသင်ကျောင်းမရှိသေးသောဒေသများတွင် အမြန်ဆုံးစာသင်ကျောင်းများဖွင့်လှစ်ပြီး ပညာပေးလုပ်ငန်းစဉ်များကို ပြုလုပ်နိုင်ရန်၊ (၃) မူးယစ်တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန်၊ (၄) လူကုန်ကူးမှုတိုက်ဖျက်ရေးယန္တရားတစ်ခုထူထောင်ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့်တိုက်ဖျက်ရန်နှင့် လူကုန်ကူးသူများကို ခြွင်းချက်မရှိ သေဒဏ်အထိချမှတ်ပေးရန်၊ (၅) နှစ်နိုင်ငံအစိုးရညှိနှိုင်းပြီး အလုပ်သမားများကို ကာကွယ်သည့်၊ ခိုင်မာသည့်ပေါ်လစီများ ချမှတ်ပြီးဥပဒေများအဖြစ်ကာကွယ်ရန်၊ (၆) လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက်ငါးခုကို သတ်မှတ်ထားသည်ထက်ပြည်သူများနဲ့ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့်ပိုမိုဆောင်ရွက်ရန်၊ (၇) ပြည်ပရောက်မြန်မာလူမျိုးများကိုအခိုင်အမာကာကွယ်ပေးသည့်ဥပဒေကို ပြဋ္ဌာန်းရန်နှင့် အစိုးရအနေဖြင့် မြန်မာနိုင်ငံသားကို လေးစားတန်ဖိုးထားပြီး တာဝန်ယူလိုစိတ်ရှိရန်၊ (၈) တရုတ်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်သောသူများအတွက် တရုတ်အစိုးရနှင့်ညှိနှိုင်းပြီး အလုပ်သမားလက်မှတ်များထုတ်ပေးနိုင်ရန်၊ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းတွင်ချက်ချင်းလက်ငင်းအလုပ်လုပ်ကိုင်ဖန်တီးနိုင်ရန် လွယ်ကူမှာမဟုတ်တဲ့အတွက်ကြောင့် အကောင်းဆုံးအလုပ်သမားလက်မှတ်များထုတ်ပေးနိုင်ခြင်းအားဖြင့် တရုတ်ပြည်ရောက်အလုပ်သမားများကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်လို့ ဆွေးနွေးရင်းအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း နိဂုံးချုပ်ပါရစေ။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင် ဖြစ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုနှင့်ပတ်သက်ပြီး တော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ LDC စာရင်း ဝင်နိုင်ငံတစ်နိုင်ငံဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ပြည်သူများမှာလည်း ဆင်းရဲဒုက္ခတွင်းထဲ မှာ နှစ်ပေါင်းများစွာခက်ခက်ခဲခဲနဲ့ အသက်ရှင်ရပ်တည်ခဲ့ကြရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံရဲ့ သားကောင်းသမီးကောင်းတွေဟာ မိမိတို့ရဲ့မိသားစုအခက်အခဲ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် အခြားနိုင်ငံတွေမှာသွားရောက်ပြီး ခက်ခက်ခဲခဲအလုပ်လုပ်ကိုင် နေကြရတာပဲဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာတော့ ကျွန်တော်တို့နိုင်ငံသားတွေ အခြားနိုင်ငံ မှာ ဘယ်နှစ်ယောက်ရောက်နေတယ်ဆိုတဲ့ တိကျတဲ့ကိန်းဂဏန်းတွေမရှိပေမဲ့လည်း ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအစီရင်ခံစာအရတော့ ပြည်ပရောက်မြန်မာနိုင်ငံသားဦးရေဟာ နှစ်သန်းခန့်ရှိ ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ပြည်ပရောက်နိုင်ငံသားများရဲ့ အသက်အုပ်စုကို ကြည့်မယ်ဆိုရင် အများစုက အသက် ၂၀ ကနေ ၂၉ နှစ်အတွင်းမှာရှိတဲ့ လူငယ် လူရွယ်တွေဖြစ်နေတာ ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုလုပ်နိုင်ကိုင်နိုင်တဲ့အရွယ်ကောင်း နိုင်ငံသားတွေ အခြားနိုင်ငံတွေမှာရောက်ရှိနေခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်နေခြင်းဟာ တကယ်တော့ ကျွန်တော်တို့တိုင်းပြည်အတွက် များစွာနစ်နာလှပါတယ်။ ဒီပုံကတော့ ပြည်ပနိုင်ငံတွေဆီမှာ ရွှေ့ပြောင်း နေထိုင်အလုပ်လုပ်ကိုင်နေတဲ့ အခြေအနေပြဂရပ်ပဲဖြစ်ပါတယ်ခင်ဗျား။ အခြားနိုင်ငံတွေမှာ ရွှေ့ပြောင်း နေထိုင်အလုပ်လုပ်ကိုင်နေကြတဲ့ လူဦးရေအများဆုံးကတော့ ကျွန်တော်တို့ကြည့်လိုက်မယ်ဆိုရင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တွေမှာဖြစ်ပြီးတော့ ၇၀.၂ ရာခိုင်နှုန်းကတော့ ထိုင်းနိုင်ငံ မှာ ရောက်ရှိနေကြပြီး ဒုတိယကတော့ မလေးရှားနိုင်ငံ၊ တတိယကတော့ တရုတ်နိုင်ငံနှင့် စင်္ကာပူနိုင်ငံ ကတော့ စတုတ္ထနေရာမှာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ဒါကိုကြည့်ချင်းဖြင့် ဒီလိုအခြား နိုင်ငံတွေဆီမှာ သွားရောက်အလုပ်လုပ်ကိုင်နေထိုင်မှုများရခြင်းဟာဆိုရင်တော့ ပြည်တွင်းမှာအလုပ် အကိုင်ရှားပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတွေအပြင် အဲဒီဒေသတွေမှာ လက်နက်ကိုင်ပဋိပက္ခများ နှစ်ကြာရှည်စွာဖြစ်ပေါ်ခဲ့ခြင်းနဲ့ နယ်နိမိတ်ချင်းထိစပ်နေခြင်းကြောင့်လည်း ဖြစ်ပါတယ်ခင်ဗျား။ ဒီပုံတွေကတော့ ထိုင်းနိုင်ငံရောက် ငါး၊ ပုစွန်လုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ မြန်မာ လုပ်သားတွေရဲ့အခြေအနေပဲဖြစ်ပါတယ်ခင်ဗျား။ ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းလုပ်သားများမှာ

သုံးသန်းခန့်နှင့် လေးသန်းခန့်ရှိကြောင်း အများစုမှာ မြန်မာနိုင်ငံသားများဖြစ်နေတာကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ရွှေ့ပြောင်းလုပ်သားများရဲ့ ၉၀ ရာခိုင်နှုန်းဟာဆိုရင်တော့ US နှင့် Europe လိုနိုင်ငံတွေကို တင်ပို့ရောင်းချနေတဲ့ငါး၊ ပုစွန်လုပ်ငန်းတွေမှာ လုပ်ခလစာနည်းနည်း၊ အလုပ်ချိန်များများနဲ့ လုပ်ကိုင်နေကြရတာပဲဖြစ်ပါတယ်ခင်ဗျား။ ဒီ့အပြင် အလုပ်ရှင်များရဲ့ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ စော်ကားခြင်း၊ ဖိနှိပ်ကျွန်ပြုခြင်း၊ နေရေးထိုင်ရေးအဆင်မပြေခြင်းများ ရှိနေကြောင်းလည်း ထိုင်းနိုင်ငံအခြေစိုက် (Migrant Worker Right Network-MWRN)ရဲ့ ၂၀၁၆ ခုနှစ် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်ခင်ဗျား။

ဒါကတော့ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့လေ့လာတွေ့ရှိချက်အရ ၆၀ ရာခိုင်နှုန်းခန့်တော့ ထိုင်းနိုင်ငံရောက်မြန်မာလုပ်သားများဟာဆိုရင် လုပ်ငန်းရှင်များရဲ့ အဓမ္မစေခိုင်းခြင်း၊ ဖိနှိမ်ကျွန်ပြုခြင်းခံနေရကြောင်း ဖော်ပြထားတဲ့ပုံတွေပဲဖြစ်ပါတယ်ခင်ဗျား။ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့အလုပ်သမားများကို သတ်မှတ်ထားတဲ့တရားဝင်စာရွက်စာတမ်းများပြည့်စုံအောင် ဆောင်ရွက်မပေးခြင်း၊ လုပ်ခလစာနှင့်အခြားခံစားခွင့်များ အပြည့်အဝမပေးခြင်းနဲ့ ဥပဒေနှင့်အညီ တာဝန်ယူ တာဝန်ခံဆောင်ရွက်မပေးမှုတွေများစွာအားနည်းနေကြောင်းလည်း ယင်းအစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ မိသားစုရဲ့အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ရန်အတွက် ရောက်လာတဲ့ မြန်မာလုပ်သားတွေကို သူတစ်ပါးနိုင်ငံရဲ့လုပ်ငန်းရှင်တွေက ထပ်ပြီးနည်းအမျိုးမျိုးနဲ့ဒုက္ခပေးနေပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံကိုကြည့်မယ်ဆိုရင် မြန်မာအမျိုးသမီးလေးများနဲ့ အမျိုးသားအချို့ဟာဆိုရင် နယ်စပ်မြို့ကနေတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံတွေမှာ လိမ်လည်ရောင်းစားခံနေရတာတွေ၊ စော်ကားသတ်ဖြတ်ခြင်းခံနေရတာတွေ၊ လူမသိသူမသိဘဝပျက်တဲ့ မြန်မာအမျိုးသမီးများလည်းရှိနေကြောင်း ထိုင်းနိုင်ငံအဖွဲ့အစည်းများရဲ့ အစီရင်ခံစာများ၊ နီးစပ်ရာမိတ်ဆွေများနှင့် သတင်းမီဒီယာများမှတစ်ဆင့် ကြေကွဲစွာကြားသိနေရပါတယ်ခင်ဗျား။ ဒီပုံကတော့ ပြည်ပရောက်မြန်မာရွှေ့ပြောင်းလုပ်သားများရဲ့ အစိုးရသစ်ပေါ်မှာထားရှိတဲ့ မျှော်လင့်ချက်ပဲဖြစ်ပါတယ်ခင်ဗျား။

မြန်မာရွှေ့ပြောင်းလုပ်သားကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးမှ ထိုင်းနိုင်ငံခြားရေးဝန်ကြီးလာရောက်တွေ့ဆုံစဉ် မြန်မာရွှေ့ပြောင်းလုပ်သားများအား လူ့ဂုဏ်သိက္ခာရှိပြီး တရားမျှတစွာပြုမူဆက်ဆံပေးစေလိုကြောင်း ပြောဆိုဆွေးနွေးခဲ့တာကြားသိရတဲ့အတွက် ပြည်သူများကိုယ်စားများစွာဝမ်းသာပီတိဖြစ်မိပါတယ်ခင်ဗျား။ ဒီ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့အိမ်နီးချင်းနိုင်ငံ

ခရီးစဉ်မှာလည်း မိမိတို့ရွှေ့ပြောင်းလုပ်သားများကို ဥပဒေအရအကာအကွယ်ပေးဖို့နဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေအရ ပေးအပ်ထားတဲ့ အခြေခံလုပ်သားခံစားရပိုင်ခွင့်တွေကို အပြည့်အဝရရှိနိုင်ရန် အလေးထားပြောဆိုဆွေးနွေးခဲ့တာ ကြားသိရတဲ့အတွက် ပြည်သူများရဲ့မျှော်လင့်ချက်ရောင်ခြည်သန်းခဲ့ရပါပြီခင်ဗျား။ ဒီလိုသူတစ်ပါးနိုင်ငံမှာ မျက်စိသူငယ်၊ နားသူငယ်နဲ့ သွားရောက်လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကို လုပ်ငန်းရှင်တွေက သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနှင့် နိုင်ငံတကာအလုပ်သမားဥပဒေနှင့်အညီ လုပ်ကိုင်စေခြင်းရှိ/မရှိ၊ အကာအကွယ်ပေးမှုရှိ/မရှိ၊ လုပ်ခလစာနှင့် အခြားခံစားရပိုင်ခွင့်များ အပြည့်အဝဖြည့်ဆည်းပေးမှုရှိ/မရှိ စတဲ့အချက်တွေကို အခုအချိန်မှာ ကျွန်တော်တို့ပြည်သူ့အစိုးရအနေနဲ့ သက်ဆိုင်ရာနိုင်ငံအစိုးရများ၊ Agency များ၊ NGO များနှင့်ပူးပေါင်းပြီး စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊ ဥပဒေအရအကာအကွယ်ပေးခြင်းနှင့် လိုအပ်ပါက ထိရောက်တဲ့အကူအညီတွေကို ပံ့ပိုးပေးဖို့ လိုအပ်နေပါတယ်။ ဒီ့အပြင်မှာ၊ လက်ရှိအချိန်မှာ လိုင်စင်ရပြည်ပအလုပ်အကိုင်ရရှာဖွေရေးအေဂျင်စီပေါင်း နေရာ ၂၆၃ ခုရှိကြောင်း သိရှိရပါတယ်ခင်ဗျား။ သက်ဆိုင်ရာအစိုးရဌာနအနေနဲ့လည်း ၎င်းလိုင်စင်ရအေဂျင်စီတွေဟာ ချုပ်ဆိုထားတဲ့စာချုပ်ပါ အချက်အလက်များနှင့်အညီ ပြည်ပရောက်လုပ်သားများကို ပံ့ပိုးကူညီစောင့်ရှောက်မှုပေးခြင်းရှိ/မရှိ၊ တာဝန်ယူ/တာဝန်ခံမှုအပြည့်ရှိ/မရှိတို့ကိုလည်း ပုံမှန်စိစစ်ကြပ်မတ်စေလိုပါတယ်။ တရားမဝင်လိုင်စင်မရှိဘဲ ခိုးကြောင်ခိုးဝှက်လုပ်နေတဲ့အသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များကိုလည်း အစိုးရမှ ထိရောက်စွာဖော်ထုတ်အရေးယူပေးစေလိုပါကြောင်းဆွေးနွေးရင်း အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဌ**။ ။ ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးပေါလ်ဆိုင်း(ဒီးမော့ဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမဲနှနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်းပဲ ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသားတွေ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်ကြရတာဟာ ကိုယ့်နိုင်ငံမှာအလုပ်အကိုင်ရှားပါးလို့၊ အလုပ်လုပ်ရပေမယ့် မိမိမိသားစုရှင်သန်ဖို့ခက်လွန်းလို့ သွားရောက်ကြရတာပါ။ မြန်မာတွေဟာ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်မိသားစုကို အလွန်ခင်တွယ်ကြတဲ့

သူတွေပါ။ ရှိတာလေးနဲ့ ရောင့်ရဲကြတဲ့သူတွေပါ။ မတတ်သာလို့ ကိုယ့်ရွေ၊ ကိုယ့်မြေ၊ ကိုယ့်မိသားစု စွန့်ခွာပြီး ဘဝရပ်တည်ရှင်သန်မှုအတွက် သူတပါးနိုင်ငံမှာ အောက်ကျနောက်ကျခံလုပ်ကိုင်ကြရတာပါ။ ခေတ်အဆက်ဆက်တာဝန်ရှိသူတွေဟာ ပြည်ပထွက်ပြီးအလုပ်လုပ်မယ့်သူတွေကို စနစ်တကျသင်တန်းပေးခြင်း၊ အလုပ်သမားစည်းမျဉ်း၊ စည်းကမ်းပို့ချခြင်း၊ ဘာသာစကားသင်ကြားပေးခြင်း၊ တစ်ဖက်နိုင်ငံတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းချိတ်ဆက်စနစ်တကျပို့ဆောင်ခြင်းတွေဟာ အားနည်းခဲ့ပါတယ်။ သူတပါးတိုင်းပြည်မှာ ကိုယ့်ရဲ့နိုင်ငံသား ဖမ်းဆီးအနှိပ်စက်ခံ၊ ဥပဒေချိုးဖောက်၍ အနိုင်ကျင့်ခံရပြန်တော့လည်း ငါနှင့်မဆိုင်သလို လျစ်လျူရှုခဲ့လို့ ကိုယ့်နိုင်ငံသားတွေဟာ သူတပါးလက်အောက်မှာ အမိမဲ့သားရေနည်းငါးပမာ ဒုက္ခရောက်ကြပြန်တယ်။ ဒီနေ့ ဒီအချိန် ပြည်သူတစ်ခဲနက်ရွေးချယ်လိုက်တဲ့ ပြည်သူ့အစိုးရနှင့်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကဲ့သို့ မေတ္တာ၊ ကရုဏာကြီးမားတဲ့ နိုင်ငံတကာမှာ ဩဇာညောင်းတဲ့ခေါင်းဆောင်ကောင်းပေါ်လာခိုက် ကမ္ဘာကြီးလည်း မြန်မာ့ဒီမိုကရေစီအောင်မြင်ဖို့ ဝိုင်းဝန်းကူညီတဲ့အခါသမယမှာ ပြည်ပနိုင်ငံရောက် မြန်မာအလုပ်သမားအရေးဟာ ကျွဲကူးရေပါ အချိန်အခါသင့်ဆောင်ရွက်မယ့်အခြေအနေကောင်းပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံတွေမှာ မြန်မာနိုင်ငံသားတွေ နှစ်ပေါင်းများစွာ ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ နှိပ်စက်သတ်ဖြတ်လူ့အခွင့်အရေးဖောက်နေခြင်း၊ လူအချင်းချင်းကျွန်ပြုနေခြင်းဟာ အရှင်လတ်လတ်ငရဲခံရသလိုပါ။ ယခုရက်ပိုင်း Facebook လူမှုကွန်ရက်စာမျက်နှာမှာ တက်လာတဲ့ Video ဖိုင်ကို ကြည့်ရပါတယ်။ ထိုင်းစတိုးဆိုင်တစ်ဆိုင်မှာအလုပ်လုပ်နေကြတဲ့ မြန်မာမိန်းမပျိုလေးကို ထိုင်းစတိုးပိုင်ရှင်အမျိုးသမီးက အများရှေ့မှာ ခြေနှင့်လှိမ့်ကန်၊ ပါးကိုမနားတမ်းရိုက်၊ အကြိမ်ကြိမ်လဲကျတော့လည်း ခေါင်းကိုဒေါက်ဖိနပ်နှင့်စောင့်၊ ဆံပင်ကိုဆွဲ စားပွဲစောင်းနှင့်စောင့်၊ နံရံနှင့်စောင့် ငုံ့ခံနေရတဲ့ဘဝတွေပါ။ အဲဒီလိုအဖြစ်ဟာ တစ်မိနစ်၊ တစ်စက္ကန့်မျှမဆိုင်း ကူညီကယ်တင်သင့်တဲ့အရာပါ။ ၂၀၁၄ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်နာကျီကျွန်းပေါ်မှာ လူလူချင်းကျွန်ပြုရောင်းစားခံနေရတဲ့ မြန်မာ ၅၀၀ ကျော်ကို ပြည်တွင်း/ပြည်ပလူမှုအဖွဲ့အစည်းတွေ ကူညီဖော်ထုတ်ကယ်တင်နိုင်ခဲ့ပါတယ်။ အဲဒီ ကျွန်ပြုမြန်မာတွေအတွက်တော့ ငရဲခန်းမှလွတ်မြောက်ခြင်းပါပဲ။ အဲဒီဖော်ထုတ်ကယ်ဆယ်တဲ့အဖွဲ့အစည်းကိုလည်း အထူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။ အဲဒီလိုနဲ့ပဲ ထိုင်းနိုင်ငံစခန်းတွေမှာလည်း ရောင်းစားခံရပြီး အဓမ္မခိုင်းစေခံ၊ နှိပ်စက်ခံ၊ ပိတ်လှောင်ခံရတဲ့ မြန်မာမလေးတွေရဲ့ငရဲခန်းတွေကိုလည်း အချိန်မဆိုင်းကယ်တင်သင့်ပါတယ်။ မလေးရှားနိုင်ငံမှာ ဥပဒေမဲ့သတ်ဖြတ်နေခံရတဲ့မြန်မာတွေ မိမိတို့ရဲ့သွေး၊ ချွေး၊ ဘဝနှင့်ရင်းနှီးပြီးရလာတဲ့

ငွေလေးတွေကို မတရားလုယူခံရမှုတာတွေ၊ မြန်မာဆိုရင် ဥပဒေမဲ့ထင်သလိုအနိုင်ကျင့်လို့ရတဲ့ လူမျိုးတွေကို ဖိနှိပ်ခံရတာတွေ၊ ထိုင်းပင်လယ်စာနှင့်ကြက်မွေးမြူရေးခြံမှာလည်း လူ့အခွင့်အရေးချိုးဖောက်ထိပ်သိကျွန်ပြုတွေဟာ နိုင်ငံတော်အစိုးရနှင့် အစိုးရချင်းဆက်၍ အမြန်ဖြေရှင်းသင့်ပါတယ်။ ယခုဒီမိုကရေစီအစိုးရလက်ထက်မှာ ယခင်အစိုးရများနှင့်မတူ မြန်မာလုပ်သားအများအရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ဟာ မေလကတည်းက ထိုင်းနိုင်ငံကိုသွားပြီး မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသားတွေနဲ့ တန်းတူအခွင့်အရေးရဖို့ နှစ်နိုင်ငံသဘောတူစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပါတယ်။ ထို့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်း ထိုင်းနိုင်ငံတွင် နေရာခြောက်ခုစခန်းဖွင့်လှစ်၍ သက်သေခံလက်မှတ်များ ထုတ်ပေးမည်ဖြစ်ကြောင်း သိရပါတယ်။ ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့သွားရောက်လုပ်ကိုင်တဲ့သူများအတွက် လုံခြုံစွာ သွားရောက်လုပ်ကိုင်နိုင်ရေးလည်း အထူးအရေးကြီးကြောင်း ပြည်ပရောက်အလုပ်သမားများ ကာကွယ်စောင့်ရှောက်မှုကို တရားဝင်/တရားမဝင်ကို ခွဲခြားဆောင်ရွက်ခြင်းမရှိဘဲ တန်းတူဆောင်ရွက်လိုကြောင်း ပြောကြားချက်အား နိုင်ငံခြားက အဖြည့်ခံ၊ အနှိမ်ခံရန်မြန်မာတွေအတွက် ရွှေရောင်အိမ်မက်ပါ။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၀ ပါ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသောနိုင်ငံတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်ဆိုသည့် နိုင်ငံသားအခွင့်အရေးနှင့်အညီ ပြည်ပအလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းရင်း ဦးကျော်အောင်လွင်ရဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျန်းမာချမ်းသာကြပါစေ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ၂၁-၉-၂၀၁၆ ရက်နေ့တွင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် တင်သွင်းခဲ့တဲ့အဆိုကို ကျွန်တော့်ပြည်နယ်၊ ကျွန်တော့်မြို့နယ်ကိုကိုးကားပြီးထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မယ်စဲ့မြို့နယ်ဟာ ထိုင်းနယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ထိုင်းနယ်စပ်ဖြစ်သော်ငြားလည်း

**မူကြမ်း**

စီးပွားရေးရမကောင်း၊ အလုပ်အကိုင်ရှားပါးမှုပြဿနာ၊ လုပ်ခလစာနည်းပါးမှုပြဿနာ၊ ကုန်စည်ဈေးနှုန်းကြီးမားမှုပြဿနာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အဲဒီလိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့မြို့လေးဟာ ကျေးလက်နေပြည်သူလူထုတွေက စားဝတ်နေရေးအဆင်ပြေနိုင်အောင် တစ်ဖက်နိုင်ငံကိုသွားရောက်အလုပ်လုပ်ကိုင်နေကြရပါတယ်။ တရားဝင်လမ်းသော်လည်းကောင်း၊ တရားမဝင်လမ်းသော်လည်းကောင်း သွားရောက်နေကြပါတယ်။ ထိုင်းနိုင်ငံရောက်နေတဲ့ မြန်မာနိုင်ငံ အလုပ်သမားပြည်နယ်စာရင်းအရ ကရင်ပြည်နယ်မှာဆိုရင် ၂၀ ရာခိုင်နှုန်းလောက်သွားပါတယ်။ မွန်ပြည်နယ်မှာဆိုရင်လည်း ၂၀ ရာခိုင်နှုန်းလောက်သွားပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်မှာ ကတော့ လေးရာခိုင်နှုန်းလောက် ထိုင်းနိုင်ငံကို သွားရောက်လုပ်ကိုင်ကြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ နယ်စပ်မြို့နယ်ကနေ တခြားပြည်နယ်တွေဖြစ်တဲ့ ရှမ်းပြည်နယ်ကလူတွေ အများစုကတော့ ထိုင်းနိုင်ငံ ကိုတရားဝင်ရော၊ တရားမဝင်ရော အလုပ်လုပ်နေတာတွေကို နေ့စဉ်အမျှ တွေ့နေရပါတယ်။ ဒါဟာ ဘာကြောင့်လဲလဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှု၊ စားဝတ်နေရေးအတွက် တစ်ဖက်နိုင်ငံကို ရရာအလုပ်ကို သွားရောက်လုပ်ကိုင်နေကြခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်မြို့ဖြစ်တဲ့ ကျွန်တော်တို့ မယ်စဲ့မြို့လေးဟာ အိမ်ထောင်စုတစ်စုမှာဆို ရင် မိသားစုဦးရေ ငါးယောက်လောက်ရှိသည့်အနက် အနည်းဆုံးတစ်ယောက်လောက်ကတော့ ထိုင်းနိုင်ငံကို သွားရောက်အလုပ်လုပ်နေကြရပါတယ်။ နောက်ပြီး လူငယ်အများစုက တချို့ဆိုရင် ၁၀ တန်းအောင်၊ ဘွဲ့ရ ကျောင်းကိုတစ်ဝက်တစ်ပျက်နဲ့ တက်ပြီး ၁၈ အောက်က လေးရာခိုင်နှုန်း၊ ၃၅ နှစ် အောက်က ၂၅ ရာခိုင်နှုန်း ပြည်သူတွေဟာ ထိုင်းနိုင်ငံမှာအလုပ်သွားရောက်လုပ်ကိုင်နေကြရပါတယ်။ မိသားစုစာဝတ်နေရေးအတွက် တစ်ဖက်နိုင်ငံကို မြန်မာလူငယ် ၇၀ ရာခိုင်နှုန်းနီးနီးလောက်ဟာ အလုပ်လုပ်နေကြရပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို နစ်နာဆုံးရှုံးစေ ပါတယ်။ ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာအလုပ်သမားတွေဟာ ထိုင်းလူမျိုးတွေရဲ့ မလုပ်အပ်တဲ့ ပလပ်စတစ်စက်ရုံတွေမှာဆိုရင် ၃၆ ရာခိုင်နှုန်း၊ ပင်လယ်ငါးဖမ်းအအေးခန်းစက်ရုံမှာဆိုရင် ၂၃ ရာခိုင်နှုန်း၊ ရော်ဘာဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွေမှာဆိုရင် ၁၁ ရာခိုင်နှုန်း၊ အိမ်ဖော်အလုပ်တွေ မှာဆိုရင် ၁၂ ရာခိုင်နှုန်းစသည့် အောက်ကျနောက်ကျပင်ပန်းဆင်းရဲ့ဒုက္ခကြီးစွာဖြင့် အနှိပ်စက်ခံပြီး အလုပ်လုပ်နေကြရပါတယ်။ အလုပ်သမားလခကို ကြည့်မယ်ဆိုရင် တရားဝင်အလုပ်သမားကျတော့ တစ်ရက်ကို ထိုင်းဘက် ၃၀၀ ကနေ ၅၀၀ ဘက်ထိရကြပါတယ်။ တရားမဝင်အလုပ်သမားကျတော့

တစ်ရက်ကို ထိုင်းဘက် ၁၀၀ ကြားနှင့် ၂၀၀ ကြားမှာပဲရပါတယ်။ နောက်ပြီး တချို့အလုပ်ရှင်တွေဆိုရင် တရားမဝင်အလုပ်သမားတွေကို လကုန်ရင်လစာသွားထုတ်တဲ့အခါ သေနတ်ဖြင့်ခြိမ်းခြောက်ခြင်းခံရတယ်။ တစ်ရံတစ်ခါမှာဆိုရင် အသက်ပါပေးလိုက်ရတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် တစ်ဖက်နိုင်ငံသွားချင်းအတူတူ ဖိနှိပ်ခံညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို တရားမဝင် အလုပ်သမားတွေအတွက်တော့ အင်မတန်ကြေကွဲဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်ပြီး တရားဝင်ရော၊ တရားမဝင်ရော တစ်ဖက်နိုင်ငံကိုအလုပ်လုပ်နေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို အလုပ်ရှင်ရဲ့ နှိပ်စက်မှုဒဏ်၊ ဖိနှိပ်မှုဒဏ်တွေကနေ ကာကွယ်စောင့်ရှောက်ပေးစေလိုပါတယ်။ မြန်မာသံရုံးသည်လည်း တစ်ဖက်နိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို အထူးအလေးပေးကာကွယ်ပေးစေချင်ပါတယ်။ ဥပမာ- ဘင်္ဂလားဒေ့ရှ်တို့ အင်ဒိုနီးရှားတို့ဆိုရင် သူ့နိုင်ငံကသူတွေ တစ်ဖက်နိုင်ငံမှာ အလုပ်သွားရောက်လုပ်ကိုင်မယ်ဆိုရင် နှစ်နိုင်ငံအစိုးရက ပေါင်းစပ်ညှိနှိုင်းပြီး သူတို့အလုပ်သမားတွေကို အထူးအလေးပေးကာကွယ်စောင့်ရှောက်ကြပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့လည်း တစ်ဖက်နိုင်ငံကို မြန်မာနိုင်ငံသူနိုင်ငံသားများ တရားဝင်အလုပ်သွားရောက်လုပ်နိုင်ဖို့ နှစ်နိုင်ငံအချင်း အစိုးရအချင်း ပေါင်းစပ်ညှိနှိုင်းပြီး နိုင်ငံကူးလက်မှတ်ကို အလွယ်တကူရရှိနိုင်အောင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် နယ်စပ်ဝင်ပေါက်/ထွက်ပေါက် ဂိတ်တွေမှာဆိုရင် ပြုလုပ်ပေးဖို့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေ ထားရှိဖို့ ဒီလိုလုပ်ပေးနိုင်မှသာလျှင် တစ်ဖက်နိုင်ငံကို အလုပ်သွားရောက်လုပ်ကိုင်သူတွေအတွက် အလုပ်အာမခံချက်၊ လုပ်ခလစာအာမခံချက်ရှိလာမယ်။ အလုပ်ရှင်တွေရဲ့ ညှဉ်းပမ်းနှိပ်စက်မှုဒဏ်ကိုလည်း ကာကွယ်လာနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တကယ့်အဖြစ်အပျက်လေးတစ်ခု ကျွန်တော်ပြောပြပါမယ်။ ကယားပြည်နယ်မှာ လူမျိုးကိုးမျိုးရှိသည့်အနက် ကယန်းလူမျိုးလို့ခေါ်တဲ့ ပန်တောင်လိုမျိုးရှင်အမျိုးသမီးလေးတွေဟာ ယခုအခါ ထိုင်းနိုင်ငံမှာ အလုပ်တစ်ရုပ်လို ပြသခြင်းခံနေရပါတယ်။ တချို့ကမ္ဘာ့လှည့်ခရီးသည်တွေဆိုရင် ကုလားအုတ်လို့ တိရစ္ဆာန်နဲ့ နှိုင်းပြီးတင်စားခေါ်ဝေါ်ကြပါတယ်။ အင်မတန်ရိုးသားလှတဲ့ ကယန်းလူမျိုးလို့ခေါ်တဲ့ ပန်တောင်လူမျိုးရှင်အမျိုးသမီးလေးတွေဟာ တစ်ဖက်နိုင်ငံရဲ့ စီးပွားရေးအဖြစ် ပြသခြင်းခံနေရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုကို လွန်စွာထိခိုက်စေပါတယ်။ ဘာကြောင့်လဲ ကျွန်တော်တို့ရဲ့ နိုင်ငံရဲ့အလုပ်အကိုင်ရှားပါးမှု၊ လုပ်ခလစာနည်းပါးမှု၊ ဒီလိုအဖြစ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။ အင်မတန်ဝမ်းနည်းစရာ

ကောင်းလှပါတယ်။ ဒါကြောင့် ကယန်းလူမျိုးလို့ခေါ်တဲ့ ပန်တောင်းအမျိုးသမီးလေးတွေကို နေရာသို့ ပြန်လည်ခေါ်ဆောင်နိုင်လာအောင် နှစ်နိုင်ငံအစိုးရက ပေါင်းစပ်ညှိနှိုင်းပြီး သူတို့အတွက်စီစဉ်ပေး စေချင်ပါတယ်။ စဉ်းစားပေးစေချင်ပါတယ်။ သူတို့တွေကို အမိမြန်မာနိုင်ငံကို ပြန်လည်ခေါ်ဆောင် လာတဲ့အခါ သင့်လျော်တဲ့အလုပ်အကိုင်အခွင့်အလမ်းကို နိုင်ငံတော်အစိုးရအနေနဲ့ စီမံဆောင်ရွက် ပေးပါလို့ မေတ္တာရပ်ခံတောင်းဆိုချင်ပါတယ်။ ဒါကြောင့် စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင် တင်သွင်းသောအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်ရှင်။ စေတုတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံအသီးသီးမှာ အလုပ်သမားအခွင့်အရေးများအတွက် အကာအကွယ်ပေးတဲ့၊ လုံခြုံမှုပေးတဲ့ ဥပဒေများရှိကြပါတယ်။ အိမ်ရှင်နိုင်ငံနှင့် ပြည်ပမှလာရောက် လုပ်ကိုင်ကြတဲ့သူတွေနဲ့တော့ အခွင့်အရေးချင်းတူမှာမဟုတ်ပါဘူး။ နိုင်ငံအတွင်း အလုပ်အကိုင်ရှားပါး မှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် ကျွန်မတို့နိုင်ငံသားအများစုဟာ အရှေ့တောင်အာရှနိုင်ငံတွေဖြစ် တဲ့ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေကစလို့ အရှေ့အလယ်ပိုင်းဒေသတွေအထိ အခြေချ သွားရောက်လုပ်ကိုင်ကြရပါတယ်။ ဒီလိုတခြားနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ကြတဲ့အခါ တရားဝင် သွားရောက်လုပ်ကိုင်ကြတဲ့သူတွေရှိသလို၊ တရားမဝင်သွားရောက်လုပ်ကိုင်တဲ့သူတွေလည်း ရှိပါတယ် ရှင်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံက လုပ်သားအများစုဟာ အများဆုံးသွားရောက်လုပ်ကိုင်တဲ့ နိုင်ငံကတော့ ထိုင်းနိုင်ငံပဲဖြစ်ပါတယ်။ ဒီလိုသွားရောက်လုပ်ကိုင်တဲ့အခါမှာ တရားဝင်သွားရောက်သူ တွေအတွက် ကြီးမားတဲ့ပြဿနာမရှိပေမယ့် တရားမဝင်သွားရောက်သူတွေအတွက်တော့ လုပ်အားခ ခေါင်းပုံဖြတ်ခံရမှု၊ လျော်ကြေးငွေမရရှိမှု၊ မတရားဖမ်းဆီးခံရမှု၊ ရောက်ရှိနေတဲ့နိုင်ငံအတွင်း သွားလာ

ရေးခက်ခဲမှုတွေကို ကြုံတွေ့နေရပါတယ်။ အဆိုးဆုံးကတော့ လူကုန်ကူးခံရမှုနှင့် ကျွန်ပြုခိုင်းစေခြင်း ခံရမှုပဲ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေတဲ့အတွက် ထိုင်းနိုင်ငံမှာသွားရောက်လုပ်ကိုင်နေတဲ့သူတွေများပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ် မှာဆိုရင် ပြည်သူလူထုရဲ့အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ ဥယျာဉ်ခြံလုပ်ငန်း၊ လယ်ယာ လုပ်ငန်းနဲ့ ရေလုပ်ငန်းတွေအပေါ်မှာပဲ မှီခိုနေရပါတယ်။ ၎င်းလုပ်ငန်းတွေဟာ မိသားစုစားဝတ်နေရေး မလုံလောက်တဲ့အတွက် အချို့ဆိုလျှင် မိသားစုအလိုက် ပြည်ပသို့ထွက်ခွာပြီး အလုပ်လုပ်ကြရပါတယ်။ ကျောင်းနေအရွယ်ကလေးတွေဟာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရပြီး ပညာသင်ကြားခွင့်မရကြတဲ့ အတွက် ကျွန်မတို့နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးနေရပါတယ်ရှင်။ ပြည်ပမှာအလုပ်လုပ်ကိုင် နေတဲ့ ကျွန်မတို့နိုင်ငံသားတွေအနေနဲ့ လုပ်ခလစာအပြည့်အဝရရှိရေး၊ လုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ ပြဿနာတစ်စုံတစ်ရာဖြစ်လာလျှင် အကာအကွယ်ရရှိရေးတို့ဟာ အမှန်တကယ်လိုအပ်နေပါတယ်။ အလုပ်သမားတို့ရဲ့ရပိုင်ခွင့်များနဲ့ပတ်သက်ပြီးတော့ အမှန်တကယ် ကူညီလုပ်ဆောင်ပေးတဲ့အဖွဲ့အစည်းများ နည်းပါးလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်ရှင်။ မြန်မာ နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၀ အရ နိုင်ငံခြားတိုင်းတစ်ပါးနှင့်ဆက်ဆံသော နိုင်ငံသားတိုင်း သည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိ တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာရှိတဲ့ မြန်မာသံရုံးတွေအနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီး သို့ အကြောင်းအမျိုးမျိုးနဲ့ သွားရောက်အလုပ်လုပ်ကိုင်နေကြရတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမား များရဲ့အခက်အခဲများကို မြန်မာနိုင်ငံတော်အစိုးရရဲ့ကိုယ်စား အပြည့်အဝတာဝန်ယူပြီး အလုပ်သမား တို့၏ရှေ့တွင် မားမားမတ်မတ်ရပ်တည်ပေးဖို့ လိုအပ်နေပါတယ်ရှင်။ ရွှေ့ပြောင်းအလုပ်သမားများဟာ တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်ဝင်ငွေရှာဖွေပေးနေသူများဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ အနေနဲ့ ရွှေ့ပြောင်းအလုပ်သမားအရေး ဆောင်ရွက်ပေးနိုင်ရန် နှစ်စဉ် နိုင်ငံတော်ဘတ်ဂျက်လျာထား ပေးရန်လည်း လိုအပ်တယ်လို့ အကြံပြုချင်ပါတယ်ရှင်။

ပြည်ပအလုပ်အကိုင်စေလွှတ်မှုနှင့်ပတ်သက်၍လည်း ဆောင်ရွက်ပေးနေကြတဲ့အဖွဲ့အစည်း များမှာ အကျင့်ပျက်ခြစားတဲ့အေဂျင်စီများ၊ လူပုဂ္ဂိုလ်များလည်း ရှိတယ်လို့ ကြားသိရပါတယ်။ ဒါတွေကို ရှာဖွေဖော်ထုတ်ပြီးတော့ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများအနေနဲ့ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူမှုများလည်း ပြုလုပ်သင့်ပါတယ်ရှင်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဇွန်လအတွင်းသွားရောက်ခဲ့တဲ့ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှာ ဒီမှာ

ရောက်ရှိနေတဲ့ ကျွန်မတို့ပြည်သူတွေအတွက် မြန်မာနိုင်ငံမှာတာဝန်ရှိတယ်ဆိုတာ အသိအမှတ်ပြုပါတယ်။ ကျွန်မတို့နိုင်ငံသားတွေရဲ့ အလုပ်လုပ်ကိုင်ကြတာအတွက် ကျွန်မတို့မှာတာဝန်မရှိဘူးလို့ ဘယ်တော့မှ ပြောမှာမဟုတ်ပါဘူး။ ကျွန်မတို့သူတို့ကို ဘယ်တော့မှမစွန့်လွှတ်ပါဘူး။ သူတို့ကို ဘယ်တော့မှ လျစ်လျူရှုထားမှာမဟုတ်ပါဘူး။ သူတို့နဲ့ပတ်သက်ပြီးတော့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။ အဲဒီလိုတာဝန်ယူရတဲ့အပေါ်မှာလည်း ကျွန်မတို့က ဂုဏ်ယူပါတယ်လို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ ပူးတွဲပြုလုပ်တဲ့ သတင်းရှင်းလင်းပွဲမှာ လေးလေးနက်နက် ပြောကြားခဲ့ပါတယ်ရှင်။ ယခုအခါမှာ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေတဲ့ လုပ်သားများအတွက် ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့အကူအညီပေးရေးဗဟိုဌာနကို နေရာ ၁၁ ခုမှာဖွင့်လှစ်ခဲ့ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိတယ်လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ထားကိုလည်း သိရှိရပါတယ်ရှင်။ ဒါ့အပြင် အလုပ်သမားများအတွက် ပိုမိုထိရောက်အောင် အကာအကွယ်ပေးနိုင်ဖို့ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်အောင် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ရေးဆွဲလျက်ရှိတယ်လို့လည်း ကြားသိရပါတယ်ရှင်။ မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုရှိရာ နိုင်ငံများမှ သက်ဆိုင်ရာသံရုံးများမှတစ်ဆင့်သော်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရသော်လည်းကောင်း မြန်မာအလုပ်သမားရုံးခွဲများကို မြန်မာအလုပ်သမားအများစုရှိတဲ့ မြို့များမှာ ဖွင့်လှစ်ပေးသင့်တယ်လို့လည်း အကြံပြုချင်ပါတယ်ရှင်။ နိုဂုံးချုပ်အနေနဲ့ ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပရောက်လုပ်သား နှစ်သိန်းကျော် သွားရောက်လုပ်ကိုင်လျက်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စနစ်တကျစာရင်းပြုစုပြီးတော့ ထုတ်ပြန်ပေးသင့်တယ်ထင်ပါတယ်ရှင်။ ဒါ့အပြင် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများရဲ့အခွင့်အရေးကိုလည်းရရှိအောင် အထူးဆောင်ရွက်ပေးသင့်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် နိုင်ငံအသီးသီးမှ သံရုံးများကလည်း ရွှေ့ပြောင်းအလုပ်သမားများအရေးကို အလေးထားကာ ထိထိရောက်ရောက် ကူညီကာကွယ်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း ပြောကြားရင်း ဤအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာ

ပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုတွေကြောင့် နိုင်ငံရပ်ခြားကိုထွက်ပြီးတော့ အလုပ်လုပ်ကိုင်နေရတဲ့ မြန်မာနိုင်ငံသားအလုပ်သမားများအနေဖြင့် တရားဝင် Work Permit နှင့် သွားရောက်အလုပ်လုပ်ကိုင်နေရတဲ့သူများနှင့် တရားမဝင်အောက်လမ်း ဖြင့် သွားပြီးတော့မှ အလုပ်လုပ်ကိုင်နေရသူများဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ တရားဝင်သွားတာက နည်းပြီးတော့မှ တရားမဝင်သွားတဲ့အလုပ်သမားက ပိုပြီးတော့များနေတာကို တွေ့ရပါတယ်။ တရားဝင် Work Permit နှင့်သွားရောက်အလုပ်လုပ်ကိုင်သူများအနေဖြင့် ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင် ဆိုင်ရာဥပဒေများထဲက အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)မှာပါထားတဲ့ ကျန်းမာရေးဆေးစစ်ခြင်း၊ ခိုင်လုံသောဦးစီးဌာနရဲ့အထောက်အထားကိစ္စများ၊ အပိုဒ် ၂၁ မှာပါတဲ့ သံရုံးသို့သတင်းပို့ခြင်း၊ အကျိုးဆောင်နှင့်ဆက်သွယ်ခြင်းကိစ္စရပ်များ၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့်(ခ)မှာပါတဲ့ လျော်ကြေး၊ နစ်နာကြေးကိစ္စ၊ တောင်းဆိုခြင်းကိစ္စတွေ၊ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဃ)မှာပါတဲ့ လျော်ကြေး၊ နစ်နာကြေးကို ပြည်ပအလုပ်ရှင်က တာဝန်ယူဆောင်ရွက်ရခြင်းကိစ္စတွေစသည်ဖြင့် အရေးကြီးတဲ့အချက်တွေကို ဂဃနဏသိထားဖို့လိုအပ်ပါတယ်။ အဲဒီအချက်တွေကိုသိပြီးတော့ နိုင်ငံရပ်ခြားမှာ ပြဿနာတစ်စုံတစ်ခု ဖြစ်ခဲ့ရင် သက်ဆိုင်ရာသံရုံးများကိုတိုင်တန်းပြီး နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက် ကူညီဆောင်ရွက်မှုများရှိတာကိုသိရပါတယ်။ တိုင်တန်းပြီးတော့မှ ဆောင်ရွက်ခဲ့ရတဲ့အမှုစာရင်းတွေက တော့ ၂၀၁၃ ခုနှစ်မှာ ၂၁ မှု၊ ၂၀၁၄ ခုနှစ်မှာ ၈၅ မှု၊ ၂၀၁၅ ခုနှစ်မှာ ၁၉၄ မှု၊ ၂၀၁၆ ခုနှစ် မတ်လအထိ နှစ်မှု စုစုပေါင်း နှစ်နှစ်ကျော်ကာလမှာ ၃၀၂ မှုဖြစ်ပါတယ်။ ပြဿနာတွေကို နိုင်ငံတော်အစိုးရက ကူညီ ဖြေရှင်းပေးလျက်ရှိပါတယ်။ သို့သော် ပြည်ပရောက်အလုပ်သမားထုကြီးအတွက်ကိုတော့ အကာ အကွယ်ပေးနိုင်မှုအပြည့်အဝ မရှိသေးတာကိုတော့ သုံးသပ်လို့ရပါတယ်။ တရားမဝင်ဘဲနဲ့ အောက်လမ်းကနေသွားပြီးတော့ အလုပ်လုပ်နေရတဲ့လူတွေအဖို့ မရေမတွက်နိုင်သော ပြဿနာပေါင်း များစွာဖြင့် နေ့စဉ်နှင့်အမျှရင်ဆိုင်တွေ့ကြုံနေရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်နှင့် နီးစပ်တဲ့တရုတ်နိုင်ငံ ဘက်ခြမ်းကို သွားရောက်ပြီးတော့ အလုပ်လုပ်ကိုင်နေကြသူများအနေဖြင့် တွေ့ကြုံနေရတဲ့ပြဿနာ အများစုဟာ မိမိရဲ့လုပ်အားခ၊ လစာငွေတွေကို ခေါင်းပုံဖြတ်ခံရခြင်းများ၊ မိန်းကလေးများအနေဖြင့် တရုတ်လူမျိုးအသက်ကြီးရွယ်ကြီးသူများအတွက် ဇနီးမယားအဖြစ်နဲ့လည်းကောင်း၊ မသန်မစွမ်း

ဆွံ့အသူများအတွက် ဇနီးမယားအဖြစ်နဲ့လည်းကောင်း၊ ပြည့်တန်ဆာအလုပ်သမားအဖြစ်နဲ့လည်းကောင်း အသီးသီးဒီလိုပဲခံစားနေရတယ်။ ခေါင်းပုံဖြတ်ခံနေရပါတယ်။ အချို့ဆိုရင် လူ့ခန္ဓာကိုယ်ရဲ့အင်္ဂါ အစိတ်အပိုင်းတွေဖြစ်တဲ့ နှလုံး၊ ကျောက်ကပ်၊ မျက်လုံးတွေကိုပါ မတရားခွဲစိတ်ရောင်းချခံရခြင်း တွေကို ရက်စက်စွာခံစားနေရပါတယ်။ ထိုသို့သော ကိစ္စရပ်များကို နိုင်ငံတော်အစိုးရမှ တရားဝင်သွား ရောက်ခြင်းမဟုတ်သည့်အတွက် ဘာမျှအရေးယူ ဆောင်ရွက်နိုင်ခွင့်မရှိပါ။ ထို့ကြောင့် ကျွန်တော် အနေဖြင့် အကြံပြုလိုသည်မှာ မြန်မာနိုင်ငံ ပြည်ပရောက်အလုပ်အကိုင် ဆိုင်ရာဗဟိုကော်မတီ အနေနဲ့ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွေကို၊ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့်လူထုထံသို့ နည်းလမ်း အသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားဖို့ လိုအပ်ပါ တယ်။ ပြည်ပထွက်ခွာပြီးတော့ ဗီဇာတွေလုပ်တယ်။ လွယ်လင့်တကူလက်လှမ်းမီတဲ့နေရာမှာ သက်သာ သောစျေးနှုန်းဖြင့် ဆောင်ရွက်ပေးဖို့၊ ပြည်ပမှာ အလုပ်လုပ်ကိုင်တဲ့သူတွေရဲ့ ဗီဇာသက်တမ်းကို သက်တမ်းတိုးတဲ့ကိစ္စတွေမှာလည်းပဲ အချိန်ကုန်၊ ငွေကုန်သက်သာတဲ့နည်းလမ်းနဲ့ ဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ တိုင်ကြားမှုကို ဖြေရှင်းတဲ့အတွက် သီးခြားအစိုးရ ဌာနတစ်ခုရဲ့ လုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးဖို့လိုအပ်ပါ တယ်။ တိုင်ကြားမှုတွေကို လက်ခံခြင်းနှင့်မှတ်ပုံတင်ရန် စနစ်တွေကိုမြှင့်တင်ခြင်း၊ တိုင်ကြားမှုယန္တရား ဆိုင်ရာဝန်ထမ်းတွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ လိုအပ်ပါကြောင်း ဆွေးနွေးရင်းနဲ့ ဦးကျော်အောင်လွင် စေတုတ္တရာ မဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ဒီအဆိုဟာ ယခင်လွှတ်တော်သက်တမ်းမှာ ရှုံးနိမ့်ခဲ့တဲ့အဆိုဖြစ်ပြီး ယခု ဆွေးနွေးခွင့်ကို ဆုံးဖြတ်ခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အများကြီးကျေးဇူးတင်မိပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် တင်ပြခဲ့သလို နိုင်ငံ

ရပ်ခြားမှာရောက်ရှိနေတဲ့ မိမိနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှာ ကြုံတွေ့နေရတဲ့ လူမှုဒုက္ခအဝဝကို ကူညီစောင့်ရှောက်ရမယ့်တာဝန်ဟာ နိုင်ငံသားအားလုံးကို ရင်ဝယ်သားကဲ့သို့ နွေးထွေးစွာ စောင့်ရှောက်တတ်တဲ့ ကောင်းမွန်သောအုပ်ချုပ်ရေး(Good Governance) ရှိကြတဲ့ ဒီမိုကရေစီအစိုးရတိုင်းရဲ့ ထူးခြားတဲ့ဝိသေသများထဲက တစ်ခုအပါအဝင်ဖြစ်တယ်ဆိုတာ အားလုံးနားလည်ကြမယ်လို့ မျှော်လင့်မိပါတယ်။ ယခုအချိန်လို နိုင်ငံတည်ဆောက်ရေးကာလမှာ မိမိနိုင်ငံကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားများ အများအပြားလိုအပ်လှပါတယ်။ နိုင်ငံခြားမှာရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများဟာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိသူများ ဖြစ်ကြပါတယ်။ သူတို့ရောက်ရှိနေတဲ့နိုင်ငံများမှ မြန်မာသံရုံးများဟာ ငါတို့ရဲ့နိုင်ငံ၊ ငါတို့ရဲ့အားထားရာ၊ ငါတို့ရဲ့မိခင်လို့ အမှန်တကယ်ရင်ထဲက ခံစားနိုင်တဲ့ တစ်နေ့ဟာ ကျွန်တော်တို့တွေ မျှော်လင့်နေကြတဲ့ ကောင်းမွန်သောအုပ်ချုပ်ရေးရှိတဲ့အစိုးရ တစ်နည်းအားဖြင့် ဒီမိုကရေစီ ကျန်အင်လက္ခဏာများနှင့် ပြည်သူ့အစိုးရတစ်ရပ်ကို အောင်အောင်မြင်မြင် ထူထောင်နိုင်ပြီလို့ ကြွေးကြော်နိုင်တဲ့နေ့တစ်နေ့ဖြစ်မှာ အမှန်ပါပဲခင်ဗျာ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ကမ္ဘာ့နိုင်ငံတော်တော်များများဟာ အထူးသဖြင့် အာဏာရှင်မဟုတ်တဲ့နိုင်ငံများဟာ နိုင်ငံခြားမှာရောက်ရှိနေတဲ့ မိမိရဲ့နိုင်ငံသားများရဲ့အရေးကို အထူးစောင့်ရှောက်ကြတာ တွေ့ရပါတယ်။ အင်ဒိုနီးရှား မူးယစ်ဆေးဝါးတွေမှာ ပိုမိုသိသာလှပါတယ်။ အင်ဒိုဥပဒေအရ မူးယစ်ဆေးဝါးနှင့်ပတ်သက်တဲ့အမှုတွေကို သေဒဏ်ပေးတဲ့အခါမှာ သူတို့နိုင်ငံသားလွတ်မြောက်ရေးအတွက် အရေးဆိုကြရမှာ သက်ဆိုင်ရာအစိုးရများဟာ တော်ရုံတန်ရုံ ဝတ်ကျေတန်းကျေပြောကြတာမဟုတ်ဘဲ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်နိုင်လောက်အထိ ပြောကြဆိုကြတာတွေလည်း တွေ့နေရပါတယ်။ ဒါဟာ ဘာကိုထောက်ပြသလဲဆိုရင် သာမန်လူတစ်ယောက်ဆိုတာထက် နိုင်ငံကိုကိုယ်စားပြုတဲ့ နိုင်ငံသားတစ်ယောက် တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ အစိတ်အပိုင်းအဖြစ် ရှုမြင်ကြလို့ပါပဲ။ ဒီကိစ္စနှင့်ပတ်သက်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံရပ်ခြားရောက်တဲ့အခါ မြန်မာနိုင်ငံ သံအမတ်ကြီးများနှင့်တွေ့ဆုံစဉ် မှာကြားတဲ့အထဲမှာ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများရဲ့အခက်အခဲများကို အထောက်အပံ့အကူအညီပေးဖို့ မှာကြားတာတွေ့ရတဲ့အတွက်လည်း များစွာဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ ဒီလိုပြောကြားမှုဟာ အထက်က ဆွေးနွေးခဲ့သလို မိမိနိုင်ငံကို ချစ်တဲ့စိတ်၊ မြတ်နိုးတဲ့စိတ်၊ ကာကွယ်လိုတဲ့စိတ်၊ တကယ့်နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့ မိမိနိုင်ငံနှင့် လူမျိုးအတွက် ကမ္ဘာ့အလယ်မှာ မျက်နှာပျက်စရာအလုပ်ကို မလုပ်ဖူးဆိုတဲ့ စောင့်ထိန်းတဲ့အသိတရားတွေရှိဖို့ စေ့စော်ပေးတဲ့သဘောလို့လည်း နားလည်မိပါတယ်။ နိုင်ငံတော်က မိမိကိုစောင့်ရှောက်နေပါ

သလား၊ ငါ အားကိုးထိုက်တဲ့အရိပ်စစ်ပါလားလို့ တွေးမိပြီဆိုရင် နိုင်ငံရဲ့ကောင်းရာကောင်းကျိုး၊ တိုးတက်ရာတိုးတက်ကြောင်းကို တစ်ထောင့်တစ်နေရာကနေ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ဆောင်ရွက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို စွဲစွဲမြဲမြဲချမှတ်ပြီး နိုင်ငံသားကောင်းအဖြစ် ကျင့်ကြံကြိုးစားကြမယ်လို့ ယုံကြည်မိပါတယ်။ တကယ်လို့ တိုက်ရိုက်အကျိုးမပြုနိုင်ရင်တောင်မှ မိမိအတွက်နှင့် မိမိမြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာ မကျဆင်းအောင် ကိုယ်ကျင့်တရားအရရော၊ လုပ်ငန်းအပေါ် သစ္စာရှိမှုအရ ရိုးရိုးကျင့်မြင့်မြင့်ကြံဆိုတာလို နိုင်ငံကြီးသားစိတ်ဓာတ်မွေးမြူကြမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ ပန်းတိုင်ကို မလွဲမသွေ ရောက်ရှိမယ်လို့ ယုံကြည်မိပါတယ်။ ယခုလည်း နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများအားလုံး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်သတင်းကျေးဇူးကြောင့် ကျွန်တော်တို့ ကျွန်မတို့ မြန်မာနိုင်ငံကပါ။ ဒေါ်အောင်ဆန်းစုကြည်နေတဲ့ နိုင်ငံကပါလို့ ဂုဏ်ယူပြီး ပြောဆိုနေနိုင်ကြပါပြီ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားများရဲ့ အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး၊ လုပ်အား ခေါင်းပုံဖြတ်မှုမခံရစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကျရောက်လျှင် ဥပဒေအရ အကာအကွယ်ရရှိရေး၊ အခြေခံလစာပြည့်မီအောင်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ထားရှိတို့ဟာလည်း အလုပ်သမားအရေးဆိုလိုက်တာနဲ့ ကွဲကူးရေပါဆိုသလို ထည့်သွင်းစဉ်းစားရမယ့်အချက်များ ဖြစ်ပါတယ်။ အဆိုရှင် တင်ပြခဲ့သလို နိုင်ငံခြားရောက် မြန်မာနိုင်ငံသားများအား အကူအညီပေးသင့်သလို ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများအရေးဟာလည်း တစ်ပြိုင်နက် ထည့်သွင်းစဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာမှာ တည်ရှိတဲ့ တကောင်းတောင် နီကယ်စီမံကိန်းရဲ့ စီလီကွန်စက်ရုံမှ အလုပ်သမားများဟာလည်း အခွင့်အရေးများ ဆုံးရှုံးနေတာ တွေ့ရပါတယ်။ နိုင်ငံခြားသား တရုတ်အလုပ်သမားများနှင့် မြန်မာအလုပ်သမား အခွင့်အရေးချင်းကွာခြားမှု၊ လစာကွာခြားမှု၊ လုပ်ငန်းခွင် အန္တရာယ်ကျရောက်ပါက တာဝန်ယူ၊ တာဝန်ခံမှုအားနည်းမှု၊ အချို့သောအလုပ်သမားများဟာ သတ်မှတ်အစမ်းခန့်ကာလကျော်လွန်သည့်လများအတွက် အခြေခံလစာမရရှိမှု၊ အလုပ်သမားတစ်ဦးဦးမှ သူတို့ရပိုင်ခွင့်နှင့်ပတ်သက်လို့ပြောတာ၊ ဆိုတာရှိရင် အဲဒီအလုပ်သမားကိုအပြစ်ရှာပြီး အလုပ်ထုတ်ပစ်မှု၊ စာချုပ်သက်တမ်းတိုးပြီးမဆောင်ရွက်ပေးမှု၊ ရာထူးလျှော့ချမှု၊ ဘာသာရေးနေ့ထူးနေ့ရက်များမှာခွင့်ယူရင် ပြစ်ဒဏ်ပေးမှု၊ အလုပ်သမားအချင်းချင်း ပူးပေါင်းမှုမရှိစေရန် အချင်းချင်းသွေးခွဲစေခိုင်းမှု၊ အလှည့်ချဌာနပြောင်းရွှေ့ချထားမှုများကို အလုပ်သမားများဟာ ခါးသီးစွာ ခံစားနေကြရပါတယ်။

**မူကြမ်း**

လေးစားအားထားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားက အလုပ်သမားများမှာ တရားဝင်သွားရောက်တာနဲ့ တရားမဝင်သွားရောက်တာ နှစ်မျိုးအနက် တရားမဝင်သွားရောက်တာတွေက အရေအတွက်အားဖြင့် များပါတယ်။ အဲဒီလို တရားမဝင်သွားရောက်ကြသူ ရွှေ့ပြောင်းအလုပ်သမားများဟာ အများအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ရေလုပ်ငန်းများမှာ လုပ်ကိုင်ကြရပြီး သက်ဆိုင်ရာနိုင်ငံများမှ အလုပ်သမားများ မလုပ်လိုကြတဲ့ ပင်ပန်းဆင်းရဲတဲ့အလုပ်၊ ဘေးအန္တရာယ်များတဲ့အလုပ်နဲ့ ညစ်ပတ်ပေကျန်တဲ့အလုပ်များကို လုပ်ကိုင်ကြရပါတယ်။ ဒီလိုအောက်ကျနောက်ကျ အလုပ်လုပ်ကြရပြီး လုပ်ရတဲ့အလုပ်နဲ့ လျော်ညီတဲ့လုပ်အားခမရရှိတာ၊ လူ့အခွင့်အရေးခေါင်းပုံဖြတ်ခံရတာ၊ လူမှုရေးအရ ချိုးနှိမ်ခံရတာ၊ ဘဝလုံခြုံမှုမရှိတာ အစရှိတဲ့ ခါးသီးမှုများကို များစွာခံစားကြရပါတယ်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံခြားရောက်အလုပ်သမားများရဲ့အရေးကို သက်ဆိုင်ရာနိုင်ငံများမှ အစိုးရ၊ လုပ်ငန်းရှင်များနှင့် စနစ်တကျညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် မိမိနိုင်ငံသားလည်း စောင့်ရှောက်ရာရောက်တဲ့အပြင် တစ်ဖက်တစ်လမ်းက နိုင်ငံခြားဝင်ငွေအားဖြင့်လည်း တိုးတက်လာဖို့ မျှော်လင့်နိုင်ပါတယ်။ ပြည်ပနှင့် အလုပ်လုပ်ကိုင်၍ လွှဲပြောင်းပေးငွေ ပေးပို့ခြင်းဖြင့် အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ နိုင်ငံခြားငွေ ဘီလီယံများစွာ ရရှိတယ်လို့ သတင်းမှတ်တမ်းများအရ သိရှိရပါ တယ်။ အထက်ပါဆွေးနွေးချက်များအရ ဒီလိုကူညီစောင့်ရှောက်ခြင်းဟာ ယနေ့ နိုင်ငံရေးအခြေအနေအရရော၊ တစ်ဖက်တစ်လမ်းက စီးပွားရေးအရပါ အထူးအလေးပေးဆောင်ရွက်သင့်ပါကြောင်း စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုအား ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ယခင်က အရှေ့တောင်အာရှမှာ ထင်ပေါ်ကျော်ကြားပြီး မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံတော်ကြီး ဖြစ်ခဲ့ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေက အထင်ကြီးလေးစားခြင်းကိုလည်း ခံခဲ့ရပါ

တယ်။ ကျေးလက်တောရွာတွေမှာလည်း အိမ်ထောင်ဦးစီးတစ်ယောက်လုပ်စာကို ကျန်မိသားစုများက မှီခိုပြီး စားသောက်နိုင်ခဲ့ပါတယ်။ မီးဖိုချောင်ထဲမှာဆိုရင်လည်းပဲ ဆီ၊ ဆန်၊ ဆား၊ ငါးပိ၊ ငါးခြောက် အပြည့်ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ ပြီးခဲ့တဲ့အုပ်ချုပ်တဲ့အစိုးရများက မူဝါဒအမှားများကြောင့် လယ်တွေသိမ်း၊ လယ်သမားတွေမှာ လယ်မဲ့၊ ယာမဲ့ဖြစ်ကာ ဆင်းရဲမွဲတေကြရပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစစအရာရာချို့ယွင်းခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးတော့ လယ်သမားများဟာ မိသားစုစားဝတ်နေရေး ပြေလည်ရာ ပြေလည်ကြောင်း မိမိနိုင်ငံအတွက် အလုပ်ထွက်လုပ်ကြပြန်တော့လည်း အခြေခံလစာ ၃၆၀၀ ကျပ် ဆိုတော့ ဘယ်လိုနည်းနဲ့မှ မိသားစုဘဝကို မိမိနိုင်ငံမှာ မထူထောင်တဲ့အတွက် အိမ်နီးနားချင်းနိုင်ငံများ ဖြစ်သော စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ တရုတ် စတဲ့နိုင်ငံတွေကို မိမိနိုင်ငံမှ မထွက်ခွာလိုပေမယ့် ထွက်ခွာ၍ အလုပ်လုပ်ကြရပါတယ်။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်တဲ့သူများဟာ ငွေကိုအတိုးကြီးပေး၍ ချေးငှားပြီး ဝက်ရောင်း၊ နွားရောင်း၊ မြေပေါင်၊ အိမ်ပေါင် သွားရောက်ရပါ တယ်။ တချို့ဆိုလျှင် ပွဲစားတွေကလိမ်တာကို ခံကြရပါတယ်။ တစ်ခါတစ်ရံ လူကုန်ကူးမှုတွေကြောင့် ရောင်းစားခြင်း ခံကြရပါသေးတယ်။ အဲဒီလို အဘက်ဘက်က ပြဿနာပေါင်းစုံရင်ဆိုင်ပြီး စွန့်စွန့်စားစားသွားကြရတာပါ။ သွားချင်လို့တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံလူမျိုးဟာ ဟိရိဩတ္တပ္ပတရားနဲ့ နေတဲ့လူမျိုးဖြစ်တဲ့အတွက် အခြားနိုင်ငံ များရဲ့ အလွန်နိမ့်ကျတဲ့အလုပ်တွေကို ဘယ်သူမှ မလုပ်ချင်ကြပါဘူး။ မတတ်သာ၍သာ လုပ်ကြရတာ ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်တဲ့ နိုင်ငံသားများရဲ့ အရေ အတွက်ဟာ ၁၀ သန်းခန့်ရှိတယ်ဆိုတာ သတင်းအရင်းအမြစ်များအရ သိရှိရပါတယ်။ ထိုင်းနိုင်ငံရဲ့ လယ်ယာလုပ်ငန်းခွင်တွေမှာ ၅၀ ရာခိုင်နှုန်း မြန်မာများဖြစ်နေတာကို အံ့ဩစွာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ရွှေဘိုသားကြီး အလောင်းဘုရား ဦးအောင်ဇေယျသာရှိမယ်ဆိုလျှင် ဘယ်လောက်များ အသည်းနာ မလဲဆိုတာ မပြောတတ်နိုင်အောင်ပါပဲ။ နိုင်ငံအတွင်းမှာရှိတဲ့ ရွာပေါင်း ၆၀၀၀၀ ကျော်အတွင်း သွားရောက်လေ့လာမယ်ဆိုရင် အရွယ်ရောက်တဲ့မိန်းကလေးတွေက နိုင်ငံခြားတိုင်းပြည်များကို အခြား အလုပ်အကိုင်များနှင့် အိမ်ဖော်များအဖြစ် သွားရောက်လုပ်ကိုင်နေကြရတာကို တွေ့ရမှာဖြစ်ပါတယ်။ ရွာများမှာလည်းပဲ များသောအားဖြင့် ဘုန်းကြီး၊ အဘိုးအို၊ အဘွားအို၊ ဒုက္ခိတ၊ ကလေးသူငယ်များ သာကျန်တော့တာကို ဝမ်းနည်းစွာတွေ့မြင်နေရမှာဖြစ်ပါတယ်။ အနာဂတ်မြန်မာပြည်အတွက် လူသား

အရင်းအမြစ်တွေ ဆုံးရှုံးနေတာကို အင်မတန်မှ ရင်လေးဖွယ်ရာ တွေ့နေရပါတယ်။ နိုင်ငံတော် တည်ဆောက်ဖို့အတွက် အဓိကအရင်းအမြစ်က လူသားအရင်းအမြစ်သာလျှင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တခြားနိုင်ငံတွေမှာဆိုရင် သူတို့နိုင်ငံသားတွေကို အခြားနိုင်ငံများမှာ ဒုက္ခရောက်နေရင် သံတမန်နည်းလမ်းကိုသုံး၍ဖြစ်စေ၊ နည်းမျိုးစုံရတဲ့နည်းနဲ့ ကယ်ထုတ်သွားတယ်ဆိုတာကို သိရှိရပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရက ဒီကိစ္စအား တစ်ဦးတစ်ယောက်မဟုတ်ဘဲ သန်းနဲ့ချီတဲ့ မိမိနိုင်ငံသားများ ဒုက္ခရောက်နေတာဖြစ်တဲ့အတွက် သက်ဆိုင်ရာအစိုးရနှင့် အလျင်အမြန်ညှိနှိုင်းဆောင်ရွက်မယ်ဆိုတာ လုံးဝယုံကြည်ပါတယ်။ ဇွန်လ ၂၄ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံကိုရောက်ရှိချိန်မှာ ထိုင်းနိုင်ငံရောက် မိမိနိုင်ငံသားများအပေါ် မိသားစုသဖွယ်၊ သားသမီးသဖွယ် တွေ့မြင်ခံစားရတယ်ဆိုတာ လူတိုင်းသိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ထိုင်းနိုင်ငံရှိ အခက်အခဲကြုံတွေ့နေရတဲ့ မြန်မာအလုပ်သမားများ ထိုက်သင့်တဲ့ဖြေလျှော့မှုတွေ ရရှိခဲ့တယ်လို့ ကြားသိရပါတယ်။ ဒါ့အပြင် မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားများထဲမှ အိမ်ပြန်ချင်ပြီး အခက်အခဲများရှိနေတဲ့သူတွေကိုလည်း ပရဟိတအသင်းအဖွဲ့များရဲ့ကူညီမှုဖြင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ကမ္ဘောဇအလင်းတန်းဖောင်ဒေးရှင်းမှ လေယာဉ်ဖြင့် ခေါ်ယူခဲ့ တာလည်း လုပ်သားဦးရေ တော်တော်များနေပြီလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပြန်လည်ခေါ်ယူထားတဲ့ လုပ်သားများရဲ့ စိတ်အနာတရဖြစ်ခဲ့တာတွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ အစိုးရ၊ ပြည်သူပူးပေါင်းပြီး ၎င်းတို့ရဲဘဝရပ်တည်မှုကို ပြေလည်နိုင်စေရန် ဦးစားပေးဖြည့်ဆည်းပေးဖို့ကိုလည်း ကျွန်တော်တို့အနေနဲ့ တိုက်တွန်းလိုကြောင်း ပြောကြားရင်းနှင့် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစီအစဉ် ၇ ကို မနက်ဖြန် ၂၈-၉-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါမယ်။

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ၁၁း၂၇ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**